www.burmeseclassic.com

နန်းမြေဘုံသာ စံနန်းတော်ရာ

# စန္ဒာမုနိဘုရား

နှင့်

# ပိဋကတ်သုံးပုံအဋ္ဌကထာဋီကာ

# ရွှေခေတ်ကျောက်စာများ၏ သမိုင်း

ဦးအောင်သူ (သံမဏိမောင်မောင်) ရေးသားပြုစုသည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၂၀ ၅၀၆ ၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀ ၇၈၄ ၀၆၁၂

၂၀၀၇ ခု၊ ဖေဖော်ဝါရီလ

ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၆၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်းပုံ - မောင်အေးချို

ထုတ်ဝေသူ - ဦးငြိမ်းချမ်း
ကြီးပွားရေးစာအုပ်တိုက် (မြ - ၀၁၂၇၁)
အမှတ် ၂၂၁၊ ၈၄ လမ်း၊ မန္တလေး။
ဖုန်း ၀၂ - ၃၉၇၁၇၊ ၆၀၁၃၆

ပုံနှိပ်သူ - ဦးငြိမ်းချမ်း
ကြီးပွားရေးပုံနှိပ်တိုက် (မြ - ၀၃၁၉၆)
၂၂၁၊ ၈၄ x ၃၃ လမ်းထောင့်၊ မန္တလေး။
ဖုန်း ၀၂ - ၃၉၇၁၇၊ ၆၀၁၃၆



စန္ဒာမုနိ ရုပ်ပွားဆင်းတုတော်
သက္ကရာဇ် ၁၁၆၄ ခုနှစ်တွင် ဘိုးတော်ဘုရား သွန်းလုပ်ခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



(၂၃) ကြိမ်မြောက် အကျွတ်အလွတ်ပွဲ

ဝေမာနိကများ၏

# ရာသက်ပန် မီးပူဇော်ရန်အလှူ



# နိဒါန်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဤသမိုင်းစာကို ပြုစု ရေးသားသူသည် အမိုးအကာမဲ့ ပိဋကတ်သုံးပုံကျောက်စာများကို အမိုးအကာပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် စန္ဒာမုနိဘုရား၏ ခြေတော်ရင်းသို့ ကောဇာသက္ကရာဇ် ၁၃၄၀ (ခရစ်နှစ် ၁၉၇၈) ခုနှစ်ကပင် ရောက်ရှိခဲ့ပါသည်။ ထိုစဉ်က ကျောက်စာများ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို အထူးအာရုံစိုက်နေ၍ ဘုရားသမိုင်းပြုစုရန် မစဉ်းစားနိုင်ခဲ့ပါ။ ဘုရားဖူး အသွားအလာ အဝင်အထွက်လည်း နည်းပါးလှသဖြင့် သမိုင်းစာအကြောင်း မေးသူပင် မရှိခဲ့ပါ။ ကောဇာသက္ကရာဇ် ၁၃၅၂၊ တန်ခူးလဆန်း (၉) ရက်၊ (၂၃-၃-၉၁) နေ့မှစ၍ တိုင်းမှူး၏ လမ်းညွှန်မှုအရ ဘက်စုံပြုပြင် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ၏ အနီးကပ်ကြီးကြပ်စောင့်ရှောက်မှုနှင့် အမိုးအကာမဲ့ ကျောက်စာအားလုံးကို အမိုးပြုလုပ်ပြီး ပြိုနေသော ဓမ္မစေတီများကို မွမ်းမံပြင်ဆင်ပြီး နောက်မှ ဘုရားဖူး အသွားအလာ စည်ကားလာ၍ ဘုရား၏သမိုင်းကို မကြာခဏမေးလာကြပါသည်။ ထို့ကြောင့် ဤသမိုင်းစာကို ကောဇာသက္ကရာဇ် ၁၃၆၂ ခု (ခရစ်နှစ် ၂၀၀၀) နယုန်လမှ ယခင် မှတ်သားထားသော အချက်အလက်များအပြင် တတ်အားသမျှ ပြည့်စုံအောင် ထပ်မံစုစည်းပြီး စတင်ရေးခဲ့ပါသည်။

မန္တလေးမြို့သို့ စန္ဒာမုနိရုပ်ပွားဆင်းတုတော် ရောက်ရှိလာပြီး အုတ်ရိုးစေတီတော် တည်ခဲ့ခြင်းမှ ယခု သမိုင်းပြုစုသောနှစ်အထိ (၁၃၃) နှစ်သာ ကြာပါသေးသည်။ စန္ဒာမုနိရုပ်ပွားတော်ကို ဘိုးတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား စတင်သွန်းလုပ်သော သက္ကရာဇ် ၁၁၆၄ ခုနှစ်မှစ၍ ရေတွက်လျှင် (၁၉၈) နှစ်သာ ရှိပါသေးသည်။ သမိုင်းသဘောအရဆိုလျှင် ထိုအချိန်သည် မကြာသေးသောကာလဟု ဆိုရပါမည်။ သို့သော် ခိုင်လုံသော အမှတ်အသား အထောက်အထားမရှိလျှင် အဖြစ်အပျက်တို့သည် တိမ်မြုပ်၍ အငြင်းပွားဖွယ်ရာ ဖြစ်လာပါသည်။ ဤသမိုင်းစာကို ပြုစုသောအခါ၌ မိမိရှာဖွေတွေ့ရှိသမျှသော အထောက်အထားများကို တွေ့ရှိသည့်အတိုင်း ဖော်ပြပါသည်။ စာရေးသူ၏ ထင်မြင်ချက် သုံးသပ်ချက်များ ထည့်မထားပါ။ အချက်အလက်များကို တင်ပြရာ၌ အဖြစ်အပျက်များကို အနီးစပ်ဆုံး သိမြင်နိုင်သူများ၏ ရေးသားချက်များကို အားထား၍ ဖော်ပြပါသည်။ မျက်မှောက်ခေတ် အချက်အလက်များကိုမူ ကိုယ်တိုင်ပါဝင်သိရှိသူတို့၏ အမှတ်အသားများကိုသာ ရေးပါသည်။

ဤသမိုင်းကို ပြုစုရာတွင် နှီးနွယ်သော ကျောက်စာများနှင့် ရရှိနိုင်သမျှသော စာအုပ်စာတမ်းများကို လေ့လာသည့်အပြင် အချက်အလက်တို့ကို သိသူများနှင့်လည်း လူကိုယ်တိုင် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အဓိကအားဖြင့် ကန္နီစစ်ကဲမင်းထင်ရာဇာ၊ နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်တင်နှင့် ယင်းခဲမောင်မောင်တို့၏ စာများကို အခိုင်အမာ ယူထားပါသည်။ ကန္နီစစ်ကဲ မင်းထင်ရာဇာသည် သူ၏စာအုပ်ကို ပထမဦးစွာ ပုံနှိပ်သော (၁၂၅၃) ခုနှစ်က ဆိုလျှင် အင်္ဂလိပ်များ မြန်မာနိုင်ငံကို သိမ်းပြီးနောက် (၆) နှစ်မျှသာ ကြာပါသေးသည်။ ထို့ကြောင့် အဖြစ်အပျက်များကို ကိုယ်တိုင်သိမြင်နိုင်သူဖြစ်ပြီး မှတ်တမ်းမှတ်ရာများလည်း ပြည့်စုံစွာ ရှိနိုင်သေးသည်ဟု ယူဆပါသည်။ ထို့အတူ နယ်ပိုင်ဝန်ထောက် ဦးမောင်မောင်တင်သည် သူ ပထမအကြိမ် ထုတ်ဝေသော (၁၂၆၇) ခုနှစ်ကဆိုလျှင်လည်း



အင်္ဂလိပ်များ သိမ်းပိုက်ပြီး အနှစ် ၂၀ မျှသာ ကြာပါသေးသည်။ သူသည် မင်းသားတစ်ပါးဖြစ်၍ အင်္ဂလိပ်များ သိမ်းပြီးစက သူ့ကျွန် မခံလိုစိတ်ဖြင့် တော်လှန်တိုက်ခိုက်ခဲ့သူတစ်ယောက် ဖြစ်ပါသည်။ ထို့အတူ ယင်းခဲမောင်မောင်သည် ဦးခန္တီ၏ မန္တလေးတောင်တော် ပိဋကတ်ပုံနှိပ်တိုက်တွင် ပညာရှိ ပါဠိစာပြင်ဆရာ ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ ပုဂ္ဂိုလ်ကြီး (၃) ဦးသည် အခိုင်အမာ အားထားကိုးကားထိုက်သူများဟု ယူဆပါသည်။ ထိုပုဂ္ဂိုလ်များအပြင် မှုရင်း ရေးထိုးကျောက်စာများကိုလည်း အခိုင်အမာယူပါသည်။

ဤသည်ကို အခြေခံပြီး သမိုင်းစာအုပ်ကို ပြုစုထားသဖြင့် စာရှုသူများ မူရင်းအချက်အလက်တို့ကို ကိုယ်တိုင်သုံးသပ် ဆုံးဖြတ်နိုင်ရန်ဖြစ်ကြောင်း တင်ပြပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com



# နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိဘုရား

နှင့်

# ပိဋကတ်သုံးပုံ အဋ္ဌကထာ

နှင့်

# ဋီကာ မှူစေတီကျောက်စာများ၏သမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## တည်နေရာ

နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိဘုရားသည် မန္တလေး နန်းမြို့ကျုံး၏ အရှေ့မြောက်ထောင့် မန္တလေးတောင်တော်၏ တောင်ဘက်အရှေ့ယွန်းယွန်း ကိုက်နှစ်ရာအကွာခန့်တွင် တည်ရှိပါသည်။ လမ်းအားဖြင့် ဖော်ပြရပါမူ နန်းရှေ့ကျုံး ၆၆ လမ်းနှင့် ပရိယတ္တိသာသနာ့တက္ကသိုလ်လမ်းဆုံရာထောင့်တွင် တည်ရှိပါသည်။ ဤဘုရားမှ ကိုက် ၁၀၀ ခန့်အကွာ အရှေ့မြောက်ထောင့်တွင် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ၍ အနောက်မြောက်ထောင့်တွင် မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား ရှိပါသည်။ ထို့ကြောင့် ဘုရားဖူးများသည် မန္တလေးတောင်တော်သို့ဖြစ်စေ၊ ကျောက်တော်ကြီးဘုရားသို့ဖြစ်စေ ရောက်ကြပါမူ ဤဘုရားသို့ အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ကြပါသည်။



## ဘုရား၏ဘွဲ့တော်

ဘုရားအဝင်ဝတွင် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားဟု အဝင်တံခါးတိုင်နှင့် မုခ်ဦးထိပ်တွင် စာတန်းရေးထိုးထားပါသည်။ ထိုတွင် အမည်နှစ်ခု တွဲနေပါသည်။

(က) နန်းမြေဘုံသာ စံနန်းတော်ရာနှင့်

(ခ) စန္ဒာမုနိဘုရားတို့ ဖြစ်ပါသည်။

၎င်းအမည်တို့သည် သူ့အဓိပ္ပါယ်နှင့်သူ ရှိနေကြ၍ တစ်ခုစီ ဆက်လက်တင်ပြပါမည်။ **နန်းမြေဘုံသာစံနန်းတော်ရာ** ဟူသော စာလုံးသည် တစ်ခါက စံနန်းတော်တည်ရှိခဲ့ဖူးသော နေရာဟောင်း ဆိုသည့်အဓိပ္ပါယ် ရပါသည်။ ဥပမာအားဖြင့် **အိမ်တော်ရာ** ဆိုသကဲ့သို့ ဖြစ်ပါသည်။ ထိုနေရာနှင့်ပတ်သက်သော အဓိပ္ပါယ်ကို သမိုင်းစာအုပ်များတွင် ဖော်ပြကြသည့်အတိုင်း ဆက်လက်တင်ပြပါမည်။

ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် အုတ်ကျစ်ကျော်အေး မန္တလေးဆိုသော စကားနှင့်အညီ သက္ကရာဇ် ၁၂၁၂ ခုနှစ်တွင် မန္တလေး ရတနာပုံမြို့တော်ကို တည်ထောင်ခဲ့ပါသည်။ မင်းတုန်းမင်းတရားကြီးသည် မြနန်းစံကျော် ရွှေနန်းတော်ကြီး၏ အပြင်၌ လုပ်ဆောင်လျက်ရှိသော မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား တည်ဆောက်မှုလုပ်ငန်း၊ ကျောက်တော်ကြီးဘုရား တည်ဆောက်မှုလုပ်ငန်း၊ လယ်ထွန်မင်္ဂလာ ဆင်နွှဲသည့်လုပ်ငန်းများမှစ၍ ရတနာနဒီ ဆည်ဖို့သည့်လုပ်ငန်းများ အပါအဝင် လုပ်ငန်းအသီးသီးကို ရံဖန်ရံခါ ကိုယ်တော်တိုင် ထွက်တော်မူ၍ ကြည့်ရှုလေ့ရှိပါသည်။ ဤသို့ ထွက်တော်မူသည့်အခါ မြနန်းစံကျော် ရွှေနန်းတော်သို့ ပြန်မဝင်ဘဲ အပြင်တွင် ယာယီစံနေရန် အဆောက်အဦးများ ဆောက်လုပ်ထားပါသည်။ ယင်းကို နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်တင် (အောက်အမ်ကေ အက်စ်အမ်) ရေးသားသော ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

အတွဲ (၃)၊ စာမျက်နှာ (၃၀၈) တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"သက္ကရာဇ် ၁၂၂၄ ခု၊ ထိုနှစ်အတွင်း ရတနာပုံမဟာရာဇဌာနီ ရွှေမြို့တော်ကြီးအရှေ့မြောက် မန္တလေးရွှေတောင်အနီး လက်ယာဘက်တွင် စံနေတော်မူရန် ဝင်းတော်အတွင်း စံနန်းတော် မင်းမိဖုရားတို့ စံနေရန် အဆောင်တော်များနှင့် တိုက်တန်းတင်းကုပ်မှစ၍ အရပ်ရပ် အလုပ်အဆောင်ပြီးပြေလျှင် စံနန်းတော်အမည်ကို ပညာရှိတို့ ရွေးချယ် ဆက်သွင်းချက်အတိုင်း နန်းမြေဘုံသာ သမုတ်တော်မူ၍ ယင်းသည် သက္ကရာဇ် နှောင်းတန်ခူးလပြည့်ကျော်ငါးရက်နေ့ နန်းမြေဘုံသာစံနန်းတော်သို့ အရှင်နှစ်ပါး ရှေ့သုံးတပ် နောက်သုံးတပ် အခင်းအကျင်းနှင့် ထွက်စံတော်မူ၏" (စာ-၃၀၈) ဟူ၍လည်းကောင်း၊

ထို့အပြင် ကန်စစ်ကဲမင်းထင်ရာဇာရေး "မန္တလေး ရတနာပုံမဟာရာဇဝင်တော်ကြီး" စာမျက်နှာ (၁၃၃) တွင်

"တပေါင်းလ နန်းမြေဘုံသာ စံနန်းတော်သို့ ရှေ့သုံးတပ် နောက်သုံးတပ် အခင်းအကျင်းနှင့် ထွက်တော်မူ၍ ကုသိုလ်တော် မဟာလောကမာရဇိန်ဘုရား ဗျာဒိတ်ညွှန်း၊ ကျောက်တော်ကြီးဘုရားများကို ဖူးမြော်တော်မူသည်" ဟု ဖော်ပြထားပါသည်။

တစ်ဖန် အဆိုပါစာအုပ် စာမျက်နှာ (၁၃၅) တွင်

"ပထမဝါဆိုလဆန်း တစ်ဆယ့်သုံးရက်နေ့ * ခုနစ်ခုနှစ်၊ လယ်ထွန်မင်္ဂလာ ထွက်တော်မူသည့်နည်း။ မင်္ဂလာ

* သက္ကရာဇ် ၁၂၇၇ (၇ ခုနှစ်)။



ဥယျာဉ် စံနန်းတော်တွင် တစ်ညဉ့် စံတော်မူပြီးလျှင် ၎င်းလဆန်းတစ်ဆယ့်လေးရက်နေ့ နံနက် အခါတော်အတိုင်း ထွက်တော်မူ၍ လယ်ထွန်တော်မူသည်။ ၎င်းနေ့ သုံးချက်တီးကျော်အချိန် သမ္ဘာန်တော်နှင့် ရေကြောင်း နန်းမြေဘုံသာ စံနန်းတော်သို့ ဝင်တော်မူသည်" ဟု ဖော်ပြထားပါသည်။

ဤသည်တို့မှာ မင်းတုန်းမင်းတရားကြီး ယာယီစံနေရန် ဆောက်ခဲ့သော နန်းမြေဘုံသာစံနန်းတော် တည်ဆောက်ခဲ့ပုံနှင့် ထွက်တော်မူသည့် အကြောင်းများ ဖြစ်ပါသည်။ မင်းတုန်းမင်းတရားကြီးသည် ၁၂၂၈ ခုနှစ် အစပိုင်းလောက်ကပင် ဤနန်းမြေဘုံသာစံနန်းတော်တွင် ယာယီစံနေလျက်ရှိပါသည်။ ဤဌာနတွင် စံနေစဉ် မန္တလေးနန်းတွင်းအရေးတော်ပုံဟု အများခေါ်သော မြင်းကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့ ခေါင်းဆောင်၍ နန်းလုရန် ကြံစည်သည့် ပုန်ကန်မှုပေါ်ပေါက်ခဲ့ပါသည်။ ထိုအဖြစ်အပျက်နှင့်ပတ်သက်၍ ကန်စစ်ကဲမင်းထင်ရာဇာက စာမျက်နှာ ၁၃၅၊ ၁၃၆ တွင် ဖော်ပြထားပုံမှာ -

"သက္ကရာဇ် ၁၂၂၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ခုနစ်ရက်နေ့ နှစ်ချက်တီးခန့်အချိန် နန်းမြေဘုံသာ စံနန်းတော် လွှတ်တော်အနီး တဲကြီးတွင် သဿမေဓမှုစမှစ၍ တိုင်းရေးပြည်ရေးများကို ရှင်းလင်းစစ်ဆေး အမှတ်မဲ့နေခိုက် မြင်းကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသားတို့သည် လူဆိုးလူသွမ်းတို့နှင့်ပေါင်း၍ အရက်သေစာတိုက်ပြီးလျှင် လူ ၄၀ ကျော် ၅၀ ခန့် စံနန်းတော်တောင်နေအိမ်ဝင်းမှ ဓားလွှတ်ကိုယ်စေ့နှင့် အုပ်ကွပ်၍ ထွက်လာပြီးလျှင် နန်းတော် လက်ယာဝင်းတံခါးကဝင်၍ မင်းမှုမင်းခင်

www.burmeseclassic.com

www.burmeseclassic.com

စည်းဝေးစဉ် အိမ်ရှေ့မင်း၊ ဝန်ကြီးတို့ကို လုပ်ကြံမည် လာရာ အိမ်ရှေ့မင်းလည်း ရှောင်တခင်ဖြစ်၍ တဲကြီးက ဆင်းသွားလျှင် လွှတ်တော်လှေကားအနီးတွင် လုပ်ကြံ၍ နတ်ရွာစံတော်မူသည်။ မြတောင်မြို့စား သေနတ်ဝန်ကြီး လည်း ဓား ထိခိုက်သေဆုံးသည်။ လောင်ရှည်မြို့စား ဝန်ကြီး၊ လက်ဝဲဝင်းမှူး၊ မြေဒူးမြို့စားလယ်ဝန်၊ သံတော်ဆင့်၊ နာခံပြေ့ကြီးမှူး၊ ငရနဲ ခေါသန္တီ နှစ်မြို့အုပ်တို့နှင့် လူအများ ဓားထိခိုက်ရှနာသည်။ မှူးတော် မတ်တော်တို့ လည်း ကိုယ်လွတ်ရှောင်ရှားကြရသည်။

သားတော် မလွန်မင်းသား၊ ညီ ပြင်စည်မင်းသား၊ စကု မင်းသားတို့ကို အိမ်ရှေ့မင်းအမိန့်တော်နှင့်ဆို၍ ခေါ်ပြီးလျှင် လက်ယာဝင်း တံခါးအပြင်ရောက်ကာလ လုပ်ကြံ၍ ကံတော်ကုန်ကြသည်။

နောက် သူပုန် လူ ၄၀ ကျော်နှင့် မြင်းကွန်းမင်းသား၊ မြင်းခုံတိုင်မင်းသားတို့ တံခါးနီက အတင်းဝင်ပြီးလျှင် နန်းမြေဘုံသာ သို့တက်၍ ရှေ့ဝင်းမှူး၊ တောင်ထားဝယ် ဗိုလ်ကင်းဝန်တို့ကိုလုပ်ကြံရာ စံနန်းတော်ပေါ်တွင် သေဆုံး သည်။

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား လည်း မြင်းကွန်းမင်းသား၊ ညီ မြင်းခုံတိုင်မင်းသားတို့က အစောင့်ထားသူ ငပိုက်ကြီးနှင့် တွေ့ရှိ ဘုရားရွှေဘုန်းတော် မြတ်ကြောင့် ငပိုက်ကြီး မလုပ်ကြံဝံ့ ပုဆစ်တုပ်ဝပ်၍ အချီတော်ဆက်သည်” *မန္တလေးရတနာပုံ မဟာရာဇဝင်တော်ကြီး* စာအုပ်စာမျက်နှာ (၁၃၅၊ ၁၃၆)



ဤသို့လျှင် နန်းမြေဘုံသာစံနန်းတော်တွင် သူပုန်အရေး အခင်းဖြစ်ပြီး အိမ်ရှေ့စံ ကနောင်မင်းသားနှင့်တကွ မင်းသားသုံးပါး ဝန်ကြီးများနှင့် လူအများ သေဆုံးကြပုံနှင့် မင်းတုန်းမင်းတရားကြီး လွတ်မြောက်လာပုံတို့ကို အရှင်းသား ဖော်ပြထားပါသည်။ ထို့အပြင် ဆက်လက်၍–

“ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်နေ့ ညီတော် အိမ်ရှေ့မင်း အလောင်းတော်ကို စံနန်းတော်ဆောင်မတော်တွင် ခေါင်းသွင်း၍ ဝဲယာထီးဖြူလေးစင်းစီ ရှေးအိမ်ရှေ့ မင်းတို့ကို သဂြိုဟ်သည့် အခမ်းအနားနည်း အဆောင် အရွက်များနှင့် ခင်းကျင်း ကျင်းပရသည်” ဟု ရေးထား ပါသည်။ *ကန်္တီစစ်ကဲ* ၏ စာအုပ်စာမျက်နှာ (၁၄၀)

ဤသို့လျှင် နန်းမြေဘုံသာ စံနန်းတော်တွင် မင်းတုန်းဘုရင် ယာယီစံနေစဉ် သူပုန်များတိုက်ခိုက်၍ လူအများသေဆုံးရာ ဌာနဖြစ်ခဲ့ ပါသည်။ ထိုကျဆုံးရာဌာန၌ပင် အိမ်ရှေ့မင်း၏ အလောင်းတော်ကို အခမ်းအနားနှင့် ပြင်ဆင်ထားသည့်အတွက် နန်းမြေဘုံသာ စံနန်း တော်သည် အိမ်ရှေ့မင်း၏ ဈာပနအခမ်းအနား ကျင်းပရာဌာန အဖြစ်သို့ ပြောင်းလာပါတော့သည်။

မြင်းကွန်း၊ မြင်းခုံတိုင်အရေးအခင်း နန်းတွင်း၌ အေးသွား သော်လည်း တစ်ဆက်တည်းပင် အိမ်ရှေ့မင်း၏ သားတော်များ ဖြစ်ကြသော ပတိန်းမင်းသား၊ ထန်းတပင်မင်းသားတို့၏ ပုန်ကန်မှု ဖြစ်ပွားနေ၍ သူပုန်အရေးအခင်းကို ဆက်လက်နှိမ်နင်းနေရပါသည်။ ထို့ကြောင့် အခင်းဖြစ်ပွားပြီး (၁၁) လကျော် အကြာ ၁၂၉၉ခုနှစ် မှ အိမ်ရှေ့မင်းနှင့် မင်းသားများ၏ အလောင်းများကို သဂြိုဟ်ပါ သည်။ ယင်းကို နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်တင် (အေတီ

www.burmeseclassic.com

www.burmeseclassic.com



အမ်ကေအက်စ်အံမ်) က ကုန်းဘောင်မင်းဆက် မဟာရာဇဝင်ကြီး တတိယတွဲ စာမျက်နှာ (၃၅၅၊ ၃၅၆) တွင် ဖော်ပြထားပုံမှာ –

"ထိုနှစ် (၁၂၂၉) ခု၊ နယုန်လဆန်း (၅) ရက်နေ့ နန်းမြေ ဘုံသာစံနန်းတော်ဆောင်မတော်ကို ဖျက်သိမ်း၍ အိမ်ရှေ့မင်းအလောင်း သင်္ဂြိုဟ်ရန်အုတ်ဂူ ၎င်းအနီး မဲလွန်မင်းသား၊ စကုမင်းသား၊ ပြင်စည် မင်းသားတို့ကို သင်္ဂြိုဟ်ရန် အုတ်ဂူတည်ပြီးလျှင် ၎င်းဂူတွင် အိမ်ရှေ့မင်း အလောင်း၊ မင်းသားများအလောင်းကို ခေါင်းနှင့်တကွ ဝန်ထောက်၊ စာရေးကြီး၊ လွှတ်တော်အရာရှိ၊ မှူးတော်၊ မတ်တော်၊ မင်းဆွေမင်းမျိုးတို့ ကြပ်မတ်၍ သွင်းထားရသည်။ ပြီးလျှင် လုံခြုံအောင် အုတ်ပိတ်၍ ၎င်းဂူရှေ့ နှစ်တောင်ကွာတွင် စန္ဒာမုနိဘုရား ကိန်းဝပ်ရန် အုတ်ပလ္လင်ခံ၍ ၎င်းအပေါ် အုတ်ရိုးစေတီ တည်ထားစေသည်" ဟု ရေးထားပါသည်။

ဤအိမ်ရှေ့မင်းနှင့် မင်းသားများ၏ အလောင်းတို့ကို သင်္ဂြိုဟ်သည့် အခမ်းအနားတွင် ဝန်ကြီး၊ ဝန်နှင့် အတွင်းဝန်အဆင့်တို့ မပါကြပါ။ ၎င်းတို့ထက် အဆင့်နိမ့်သော ဝန်ထောက်၊ အရာရှိငယ်များနှင့် စာရေးကြီးတို့သာ ပါကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဤသို့လျှင် နန်းမြေဘုံသာစံနန်းတော်သည် အိမ်ရှေ့မင်း၏ ဈာပနအခမ်းအနား ကျင်းပရာဌာနဘဝမှ အိမ်ရှေ့မင်းနှင့်တကွ မင်းသားသုံးပါးတို့၏ အလောင်းများကို သင်္ဂြိုဟ်ရာ သချိုင်းရာ နေရာဖြစ်လာရပြန်ပါသည်။ တစ်ဆက်တည်းမှာပင် မင်းတုန်းမင်းတရားကြီးသည် ဤနေရာအုတ်ဂူများအနီးသို့ အမရပူရမှ စန္ဒာမုနိ ရုပ်ပွားတော်ကို ပင့်ဆောင်ကိုးကွယ်ခဲ့ပြန်ပါသည်။



ဤအကြောင်းကို ယင်းခဲမောင်မောင်က သူ၏ မန္တလေးတောင်တော်သမိုင်း စာအုပ်စာမျက်နှာ (၁၈၁) တွင်

"နန်းမြေဘုံသာဆောင်မတော်ကို ဖျက်သိမ်း၍ အိမ်ရှေ့မင်း အလောင်းတော်နှင့်တကွ ၎င်း၏အနီး အခြားမင်းသားသုံးပါး အလောင်းတော်ကို အုတ်တိုက်ဂူတည်၍ သင်္ဂြိုဟ်တော်မူသည်။ ၎င်းအုတ်တိုက်ဂူအနီး အမရပူရမြို့ စန္ဒာမုနိဘုရားရှင်ကို ပင့်တော်မူ၍ အုတ်ရိုးစေတီတော် (၁၂၂၉) ခုနှစ် နယုန်လပြည့်နေ့ တည်သည်။ ၎င်းရုပ်ပွားတော်နှင့် စေတီတော်ကို စန္ဒာမုနိဘုရားဟု ထင်ရှားကြောင်း" ရေးသားထားပါသည်။

အထက်တွင် ကိုးကားဖော်ပြသော စာအုပ်များသာမက မန္တလေးအကြောင်း ရေးကြသော စာအုပ်အားလုံးတွင် ဤအချက်များမှာ အကွဲအလွဲမရှိ ထပ်တူဖော်ပြကြပါသည်။ အားလုံး ခြုံလိုက်သောအခါ နန်းမြေဘုံသာ စံနန်းတော်သည် နောက်ဆုံးတွင် စန္ဒာမုနိရုပ်ပွားတော်နှင့် စေတီတော်တို့ ကိန်းဝပ်ရာ အာလိန်ငါးဆင့်ရှိသော ဘုရားပရဝုဏ်နှင့် ရင်ပြင်တော်အဖြစ်သို့ ပြောင်းလဲလာပါတော့သည်။

ဤသို့ နန်းမြေဘုံသာစံနန်းတော် အဆင့်ဆင့်ပြောင်းလဲလာပုံများကို လေ့လာသောအခါ ၎င်းနေရာတွင် သင်္ဂြိုဟ်ထားသည်ဟု သမိုင်းစာအုပ်များတွင် ဖော်ပြထားသည့် အိမ်ရှေ့မင်းနှင့် မင်းသားသုံးပါး၏ အုတ်ဂူအကြောင်းကို တစ်ဆက်တည်း တင်ပြရန် လိုလာပါသည်။

အာလိန်ငါးဆင့် အုတ်ပလ္လင်ခံထားသော စန္ဒာမုနိဘုရားရင်ပြင်တော်သို့ ရောက်သောအခါ အိမ်ရှေ့မင်းနှင့်တကွ မင်းသားများ၏ အုတ်ဂူများကို ရှာကြည့်ပါသည်။ ထိုအခါ ဘုရားပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကြေးစည်ထု ဆုပေးနေသော ဥပါသကာတစ်ဦးက ဂန္ဓကုဋိတိုက်နှင့် အုတ်ရိုးစေတီနှစ်ဆူအကြား တစ်ခုနှင့်တစ်ခု ထိပ်တိုက်ဆက်စပ်လျက် အုတ်ဂူငယ်တစ်လုံးကို ညွှန်ပြပါသည်။ သမိုင်းစာများတွင် ဂူ (၄) လုံးဟု ဖော်ပြထားသော်လည်း ယခုဂူ (၁) လုံးကိုသာ တွေ့ရ၍ သမိုင်းစာဆိုနှင့် ကွဲလွဲနေပါသည်။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၏ အဆိုအရ လုံခြုံအောင် အုတ်ပိတ်၍ ၎င်းဂူအရှေ့ နှစ်တောင်အကွာတွင် စန္ဒာမုနိဘုရား ကိန်းဝပ်ရန်ဟု အကွာအဝေးနှင့် အရပ်တူရူကိုပါ ဖော်ပြထားပါသည်။ အခြားစာအများစုကမူ ဂူအနီးဟုဖော်ပြကြ၍ မည်သည့်စာတွင်မှ ဘုရားနှစ်ဆူနှင့် အုတ်ဂူထိစပ်နေသည်ဟု ဖော်ပြခြင်း မပြုကြပါ။ ယခုတွေ့ရသည်မှာ ဘုရားနှင့် အုတ်ဂူထိပ်တိုက် ထိစပ်နေပါသည်။ ဤအချက်လည်း သမိုင်းစာနှင့် မကိုက်ညီဖြစ်နေပါသည်။ ထို့အပြင် ဘုရားရင်ပြင်တော်တွင် တွေ့ရသော ဂူငယ်သည် သာမန်ဆင်းရဲသားတစ်ယောက်၏ အုတ်ဂူနှင့် ခြားနားမှုမရှိပါ။ အိမ်ရှေ့မင်း၏ အဆောင်အယောင်နှင့် မကိုက်ညီပါ။ မန္တလေးမြို့တွင် တွေ့ရတတ်သော ဆွေတော်မျိုးတော်တို့၏ အခြားဂူများမှာ ယခုတွေ့ရသောဂူထက် များစွာထည်ဝါလှသည့်အပြင် စာတန်းလည်း အပြည့်အစုံ ရေးထိုးထားကြသည်ကို တွေ့ရတတ်ပါသည်။ ထို့ကြောင့် ယခုဂူကို အိမ်ရှေ့မင်း၏ဂူဖြစ်သည်ဟု ယုံကြည်ရန် ခဲယဉ်းနေပါသည်။ မည်သို့ပင်ဆိုစေ စိတ်တွင်း၌ မကြေမလည်နှင့်ပင် ထိုဂူငယ်ကို အိမ်ရှေ့မင်း၏ဂူဟူ၍ပင် ခံယူလာခဲ့ကြပါသည်။ နောက်ပိုင်းတွင် မြင်းမူမောင်မောင်ဆိုသော အနွယ်တော် ပုဂ္ဂိုလ်တစ်ဦးက ထိုဂူငယ်ပေါ်တွင် မှန်စီပြာသာဒ်ဆောင်ကလေးဆောက်ပြီး စာတန်းထိုးထားပါသည်။



ဤသို့ သင်္ချိုင်းဂူဟု ခံယူမိသောအခါ ဘုရားရင်ပြင်တော်ပေါ်တွင် သင်္ချိုင်းဂူရှိနေခြင်းသည် မင်္ဂလာနှင့် အမင်္ဂလာတွဲနေ၍ တစ်စုံတစ်ရာ ထိခိုက်မှုရှိနေသည်ဟု ယူဆလာကြပါသည်။

ဂူကို ဖျက်ရန် စိတ်ကူးရှိသော်လည်း အထမမြောက်ခဲ့ပါ။ ထို့နောက် စန္ဒာ မုနိဘုရားကို အုပ်ချုပ်ရသော ကုသိုလ်တော်ဘုရား၏ ဂေါပကအဖွဲ့က အိမ်ရှေ့မင်း၏ ဂုဏ်သိက္ခာနှင့်ညီသော ဗိမာန်တစ်ခု တည်ဆောက်မည်ဟူသော ရည်ရွယ်ချက်နှင့် အထက်သို့တင်ပြ၍ သက္ကရာဇ် ၁၃၅၄ ခုနှစ်၊ နယုန်လဆန်း (၅) ရက် (၂၀-၆-၉၂) စနေနေ့တွင် အိမ်ရှေ့မင်းဗိမာန်နေရာသို့ ရွှေ့ပြောင်းရန် ထိုဂူငယ်ကို ဖြိုဖျက်ခဲ့ပါသည်။ ဤသို့ ဂူကို ဖျက်လိုက်သောအခါ ထိုဂူအတွင်း၌ ခေါင်း အစအနသစ်သား (သို့မဟုတ်) အရိုးအစအန ဘာတစ်ခုမှ မတွေ့ရပါ။ ဂူအတွင်းအောက်ခြေ၌ ပြောင်ရှင်းနေပါသည်။ ထို့ကြောင့် ဤ ဂူငယ်သည် အလောင်းတစ်ခုကို ခေါင်းနှင့်တကွ သင်္ဂြိုဟ်ထားသောဂူ မဟုတ်နိုင်၊ သင်္ကေတသဘောသာ ဖြစ်နိုင်သည်ဟု ဂူကို ဖျက်သူ ဂေါပကအဖွဲ့ဝင်များက ယူဆလာကြပါသည်။ ဤစာကို ပြုစုသောနေ့ အထိ ထိုဂူကိုဖျက်စဉ်က ပါခဲ့သော ဂေါပကအဖွဲ့ဝင် အများ အသက်ထင်ရှားရှိကြပါသေးသည်။

ယခုအခါ ထိုဂူကို ဖျက်ထားသောနေရာ၌ နောင်းလူများ သိစိမ့်သောငှာ အောက်ပါစာတမ်းရေးထိုးထားသော ကျောက်ပြား တစ်ခုကို ထားရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကနောင်မင်းသားကြီး သီရိပဝရမဟာသုဓမ္မရာဇာ ရတနာပူရအိမ်ရှေ့စံ

သာယာဝတီမင်း နှင့် ကျောက်မော်မိဖုရားတို့မှ မြန်မာသက္ကရာဇ် ၁၁၈၁ ခု၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ခရစ်သက္ကရာဇ် ၁၈၁၉ စက်တင်ဘာလ (၂၇) ရက်နေ့တွင် ဖွားမြင်သည်။

ရတနာပုံမန္တလေးမြို့ နန်းတည်ထောင်ရာတွင် ပါဝင်ခဲ့သည်။ မြန်မာ စီးပွားရေးကို ခေတ်မီစေရေးအတွက် ပထမဆုံး လုံးပမ်းအားထုတ်ခဲ့သည်။ မြန်မာ့တပ်မတော်ကို ခေတ်မီလက်နက်များ တပ်ဆင်ရန် ပထမဆုံး ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သူဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၂၂၈ ခု၊ ဝါဆိုလပြည့်ကျော် (၇) ရက်၊ ခရစ်သက္ကရာဇ် ၁၈၆၆ ခု၊ ဩဂုတ်လ (၂) ရက်နေ့မှာ မြင်းကွန်း မြင်းခုံတိုင် အရေးတော်တွင် လုပ်ကြံခံရသဖြင့် ကံတော်ကုန်ခဲ့သည်။

---

### Prince Kanaung
### Thiri Pawara Maha Thu Dhammaraza
### The Crown Prince of Yadanapura

Born of King Thayawadi and Queen Kyaukmaw on the first waning day of Tawthalin in the year 1181 Myanmar Era (27th September, 1819). He was a Participant in the founding of Ratanapura (Mandalay).

He was the first to strive for the modernization of Myanmar Economy.

He was the first to sponsor the equipment of the Myanma Army with modern weapons.

He was assassinated in the plot by Princes Myingun and Myinkhondaing on the seventh waning day of Waso, 1228 Myanmar Era (2nd August, 1866).

(မန်းစည်ပင် / ဘက်စုံ)



ဂေါပကအဖွဲ့ဝင်တို့သည် အထက်ပါယူဆချက်များနှင့် တစ်ဆက်တည်း အိမ်ရှေ့မင်းနှင့်တကွ မင်းသားများ၏ ဂူရှိနိုင်ရာကို ဆက်လက်လေ့လာပါသည်။ နန်းမြေဘုံသာစံနန်းတော်ရာ မူလစနစ် ပုံပုရပိုက်နှင့်တကွ ယခု နန်းတော်ဟောင်းများကို တည်ဆောက်နေကြ သော သမိုင်းသုတေသီ မြန်မာ့ရှေးဟောင်း ဗိသုကာပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးကြပါသည်။ ထိုအခါ ၎င်းတို့က အောက်ပါအချက် များကို ပြောပြကြပါသည်။

နန်းမြေဘုံသာ စံနန်းတော်ရာ၏ အကျယ်အဝန်းကို ယခု တည်ရှိနေသော စန္ဒာမုနိဘုရား၏ ပရိဝုဏ်နှင့် တစ်ထပ်တည်းယူဆ၍ မရပါ။ ယခု ဘုရားပရိဝုဏ်မှာ ကျဉ်းကျဉ်းကလေး ဖြစ်ပါသည်။ နန်းမြေဘုံသာ သမုတ်ကြောင်းကို ဦးမောင်မောင်တင် ဖော်ပြရာ၌

> ......... စံနေတော်မူရန် ဝင်းတော်အတွင်း စံနန်း
> တော်။ မင်း၊ မိဖုရားတို့ စံနေရန် အဆောင်တော်များနှင့်
> တိုက်တန်းတင်းကုပ်မစ၍ အရပ်ရပ်လုပ်ဆောင်ပြီးလျှင်
> ......... ဟု ရေးထားပါသည်။

ထို့ကြောင့် ဘုရင်နှင့် မိဖုရားတို့အပြင် ဆင်၊ မြင်း ထားရန် နေရာများနှင့် အဆောင်ကိုင်များ၊ နန်းတွင်းသူ နန်းတွင်းသား များနေရန် အဆောက်အအုံများစွာ ပါနိုင်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ယခု ဘုရားပရိဝုဏ်ထက် များစွာ ကျယ်နိုင်ပါသည်။

နန်းမြေဘုံသာ စံနန်းတော်သည် ယာယီနေရန် ဆောက်ထား သော မြေနန်းဖြစ်ပါသည်။ ထို့ကြောင့် မြနန်းစံကျော် ရွှေနန်းတော် ကဲ့သို့ အုတ်ခုံကြီး ခံမထားပါ။ မြေစိုက်တိုင်များနှင့် ဘုန်းကြီးကျောင်း များကဲ့သို့ သစ်သားကြမ်း ခင်းထားပါသည်။ ထို့အပြင် ယာယီဖြစ် ခြင်းကြောင့် ထုတ်စွပ်လျှောက်စွပ်လည်း မဟုတ်ပါ။ အသားကို

www.burmeseclassic.com

www.burmeseclassic.com



ကပ်ရိုက်ထားပါသည်။ အမိုးကိုလည်း သက်ကယ်နှင့် မိုးသည်ဟု ပြောပါသည်။

ထို့ကြောင့် အိမ်ရှေ့မင်းအလောင်းကို သဂြိုဟ်ရန် စံနန်းတော်ဆောင်မတော်ကို ဖျက်လိုက်သောအခါ တစ်နည်းအမိုးကိုဖယ်၊ ကြမ်းကိုဖြုတ်၊ တိုင်ကိုနုတ်လိုက်သောအခါ မြေပြင်ညီ ဖြစ်သွားပါသည်။ ထိုမြေပြင်၌ပင် အိမ်ရှေ့မင်းနှင့်တကွ မင်းသားများ၏ အလောင်းတို့ကို သဂြိုဟ်ရန် အုတ်ဂူတည်ခဲ့ပါလိမ့်မည်။ ယခု ဘုရားရင်ပြင်တော်မှာ အာလိန်ငါးဆင့်နှင့် ရစ်ပေကျော် ကိုးပေမြင့်သော စေတီရင်ပြင် ဖြစ်နေပါသည်။ ထို့ကြောင့် ဂူများသည် အာလိန်ငါးဆင့်ရှိသော အုတ်ပလ္လင်ပေါ်တွင် မရှိနိုင်ပါ။ အာလိန်ငါးဆင့်အုတ်ခုံကြီးအတွင်း စေတီတော်၏အောက် မြေပြင်ညီပေါ်တွင်သာ ဖြစ်နိုင်ပါသည်ဟု ရှင်းပြကြပါသည်။ ဗိသုကာပညာရှင်၊ သမိုင်းသုတေသီတို့၏ ရှင်းပြချက်သည်ပင် ဆီလျော်သင့်မြတ် မှန်ကန်သော ယူဆချက်ဖြစ်သည်ဟု ခံယူမိပါသည်။

ဤသည်တို့မှာ ဘုရားဘွဲ့တော်အစိတ်အပိုင်းတစ်ခုဖြစ်သော နန်းမြေဘုံသာ စံနန်းတော်ရာအကြောင်း သမိုင်းအဖြစ်အပျက်များဖြစ်ပါသည်။ ယခု စန္ဒာမုနိဘုရားနှင့်ပတ်သက်သော အကြောင်းအရာများကို ဆက်လက်တင်ပြပါမည်။

စန္ဒာမုနိဘုရားဟုခေါ်လျှင် ထိုဝေါဟာရအတွင်း၌ ဘိုးတော်ဘုရားသွန်းလောင်းထားသော သံ ရုပ်ပွားဆင်းတုတော်နှင့် တည်ဆောက်ထားသော အုတ်ရိုးစေတီတော်နှစ်မျိုးလုံး အကြုံးဝင်ပါသည်။ ထိုနှစ်မျိုးသည် မတူပါ။ ပေါ်ပေါက်သော နှစ်ကာလလည်း ကွဲပါသည်။ သံရုပ်ပွားဆင်းတုတော်ကို သွန်းလောင်းပြီးစကပင် ဘိုးတော်ဘုရားက စန္ဒာမုနိဟု ဘွဲ့အမည်တပ်ခဲ့ပါသည်။ ထို့နောက် အဆိုပါ



ရုပ်ပွားဆင်းတုတော် ကိန်းဝပ်ရန် တည်ထားသော အုတ်စေတီများကိုလည်း သီးခြားဘွဲ့ မပေးဘဲ စန္ဒာမုနိဟူ၍ ခေါ်ကြပါသည်။ ၎င်းတို့၏ သမိုင်းအဖြစ်အပျက်များကို ဆက်လက်တင်ပြပါသည်။

## စန္ဒာမုနိရုပ်ပွားတော်

အမရပူရ ပထမ မြို့တည်နန်းတည် ဘိုးတော်ဦးဝိုင်းခေါ် ဗဒုံမင်းတရားကြီးသည် မင်းကွန်းပုထိုးတော်ကြီး၊ ခေါင်းလောင်းကြီးနှင့် ခြင်္သေ့ကြီးများကို တည်လုပ်စဉ်က အမရပူရ ရွှေမြို့တော်မှထွက်၍ မင်းကွန်းရေလယ်ကျွန်းတွင် မကြာခဏ ယာယီစံနေလေ့ ရှိပါသည်။ ထိုစဉ်က စန္ဒာမုနိရုပ်ပွားတော်ကို သွန်းလုပ်ခဲ့ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ *ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ* စာမျက်နှာ (၁၃၀) တွင် နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်တင် (အေတီအမ်ကေအက်စ်အမ်) က အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"သက္ကရာဇ် ၁၁၆၄ ခု၊ တန်ခူးလဆန်း တစ်ဆယ့်လေးရက်နေ့ သံအချိန်ပိဿာ တစ်သောင်းတစ်ထောင့်သုံးရာခြောက်ဆယ့်ရှစ်ပိဿာတို့ဖြင့် စီရင်သွန်းလုပ်တော်မူသည်။ ဘုရားသခင် ရုပ်တုတော်ကို 'စန္ဒာမုနိ' ဟု သမုတ်တော်မူပြီးလျှင် မင်းကွန်းအလယ်ကျွန်း စံနန်းတော်၏ အရှေ့မြောက်ယွန်း၌ တန်ဆောင်းရွှေပြာသာဒ်နှင့်ထား၍ ကိုးကွယ်တော်မူသည်။

စန္ဒာမုနိဘုရားသခင် ပတ်ဝန်းကျင်မှာလည်း လက်ယာတော်ရံ အရှင်သာရိပုတြာ၊ လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန် စသော ဧတဒဂ်ရကုန်သော အဂ္ဂသာဝက၊

www.burmeseclassic.com

www.burmeseclassic.com



မဟာသာဝက၊ အသီတိရှစ်ကျိပ်တို့ကို တစ်ပါးလျှင် ရွှေကျောင်းတော်တစ်ကျောင်းစီ ဆောက်လုပ်ပြီးလျှင် ရွှေကမ္ပည်းနှင့် ချည်ထား၍ ကိုးကွယ်တော်မူသည်။ ဘုရားအမှူးရှိသော အဂ္ဂသာဝက၊ မဟာသာဝကရှစ်ကျိပ်တို့ကိုလည်း နံနက်ဆွမ်းတော်၊ ညပူဇော်တော်ပွဲများနှင့် ကိုယ်တော်တိုင် “ကပ်လှူပူဇော်တော်မူသည်” ဟု ဖော်ပြပါသည်။

ဤသို့ မင်းကွန်းအလယ်ကျွန်းတွင် သွန်းလုပ်ပြီး (၁၃) နှစ်ကြာ အမြတ်တနိုး ကိုးကွယ်ထားသော စန္ဒာမုနိရုပ်ပွားတော်နှင့် ရဟန္တာမထေရ်တို့၏ ဆင်းတုတော်များကို ဘိုးတော်ဘုရားသည် အမရပူရမြို့သို့ ပြောင်းရွှေ့ကိုးကွယ်ပါသည်။

၎င်းကို နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်တင် က

“သက္ကရာဇ် (၁၁၇၇) ခုနှစ် တော်သလင်းလပြည့်ကျော် တစ်ဆယ့်နှစ်ရက်နေ့ မင်းကွန်းအရှေ့ဘက် အလယ်ကျွန်းက စန္ဒာမုနိဘုရားရှင်နှင့် အသီတိရဟန္တာအရှင်မြတ်တို့ကိုလည်း ပင့်ဆောင်တော်မူပြီးလျှင် စန္ဒာမုနိဘုရားရှင်ကို ရွှေမြို့တော်မြောက်ကျောင်းတော် ရွှေပြာသာဒ်တံတိုင်းမီးတားနှစ်ထပ်နှင့်ထား၍ ကိုးကွယ်တော်မူသည်။ အသီတိရဟန္တာအရှင်မြတ်တို့ကိုလည်း ဘုရားပတ်လည် ဝန်းကျင်၌ တစ်ပါးစီ အုတ်ပြာသာဒ်နှင့်ထား၍ ကိုးကွယ်တော်မူသည်” ဟု *ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ* (စာ ၁၉၆) တွင် ဖော်ပြထားပါသည်။

ထိုနေရာမှာ အမရပူရမြို့ ကျုံးဟောင်းမြောက်ဘက် ကိုက် ၁၀၀ ကွာလောက် တမ္ပဝတီရပ်ကွက်အတွင်း ဖြစ်ပါသည်။ မန္တလေးမြို့မှ အမရပူရမြို့သို့သွားရာ ကားလမ်း၏လက်ဝဲဘက်တွင် တည်ရှိပါသည်။ ဘုရား၏ အဝင်ဝတွင် မဟာစန္ဒာမုနိဘုရားဟု ဘွဲ့တော်ကို ရေးထိုးထားပါသည်။



ဤမဟာစန္ဒာမုနိဘုရားသည် သံ ရုပ်ပွားဆင်းတုတော် သွန်းလောင်းပြီး (၁၃) နှစ်ကျော်ကြာမှ ဘိုးတော်ဘုရားတည်ခဲ့သော အုတ်ရိုးစေတီ ဖြစ်ပါသည်။

စန္ဒာမုနိရုပ်ပွားတော်သည် မင်းနေပြည်တော်၌ ပထမအကြိမ် ကိန်းဝပ်စံပယ်တော်မူသောနေရာ ဖြစ်ပါသည်။ ဘုရားပရဝုဏ်၏ အုတ်တံတိုင်းကြီးများမှာ ကြီးမားလှ၍ နှစ်ထပ်ဖြစ်ပါသည်။ ယခုအခါ တံတိုင်းပေါ်တွင် သစ်ပင်ကြီးများပေါက်၍ အတော်ပျက်နေပါသည်။ ထိုတံတိုင်း၏အလယ်တွင် အာလိန်ငါးဆင့်ခံထားသော အုတ်ပလ္လင်ပေါ်တွင် ကြီးမားသော အုတ်ရိုးစေတီကြီးရှိ၍ ၎င်းစေတီ၏ အရှေ့မျက်နှာတွင် စေတီနှင့်ထိကပ်လျက် စန္ဒာမုနိရုပ်ပွားတော် ကိန်းဝပ်ရာ ဂန္ဓကုဋိအုတ်တိုက်ရှိပါသည်။ ထိုအတွင်း ယခုအခါ အစားထိုးကိုးကွယ်ထားသော ဆင်းတုတော်ရှိပါသည်။

အမရပူရမြို့မှ အာလိန်ငါးဆင့်ရှိသော အုတ်ပလ္လင်၏ ဖိနပ်တော်သည် အလျားအနံ အတောင် ၁၀၀ စီရှိပါသည်။ အာလိန်ငါးဆင့်သည် တစ်ဆင့်လျှင် ၂ တောင်စီ မြင့်တက်သွားသဖြင့် ဘုရားရင်ပြင်တော်အထိ ၁၀ တောင် မြင့်ပါသည်။ ထိုရင်ပြင်တော်ပေါ်တွင် အုတ်ရိုးစေတီကြီး တည်ထား၍ အုတ်ရိုးစေတီ၏ ဖိနပ်တော်မှာ အလျားအနံ အတောင် ၅၀ စီရှိရာ စေတီတော်၏ ဉာဏ်တော်မှာ မြေပြင်မှ အတောင် ၇၀ ရှိပါသည်။ စေတီတော်ကြီး၏ ပတ်လည်အတွင်း တံတိုင်းအခြေတွင် ရဟန္တာများကိန်းဝပ်ရာ အုတ်ပြာသာဒ်များ ရှိပါသည်။

www.burmeseclassic.com



ဘုရားကြီးသည် အတော်ကြာကြာစောင့်ရှောက်မှုမရှိဖြစ်၍ ပျက်စီးမှုများ ရှိခဲ့ပါသည်။ ယခုအခါ ဆရာတော် ဦးနန္ဒိယ၏ အနီးကပ်ကြီးကြပ်စောင့်ရှောက်မှုကြောင့် ကြည်ညိုဖွယ်ရာ ပြုပြင်ထိန်းသိမ်းလျက်ရှိပါသည်။ ပြိုပျက်နေသော ဘုရားအတက် အရှေ့ဘက်စောင်းတန်းကိုလည်း ဆရာတော်၏ တပည့် ဦးဝင်းမော်-ဒေါ်ခင်ညွန့် ရွှေမေတ္တာသစ်စက် မိသားစုမှ အသစ်တည်ဆောက်လှူထားသဖြင့် ကြည်ညိုဖွယ်ရာဖြစ်ပါသည်။ သို့စဉ်လျက် ရဟန္တာတို့၏ အုတ်ပြာသာဒ်အများ ပြိုပျက်လျက် အတွင်းမှဆင်းတုတော်များလည်း မသမာသူများ ခိုးယူမှုကြောင့် တစ်ဆူမျှမရှိတော့ပါ။

မူလစန္ဒာမုနိရုပ်ပွားတော်သည် ဤနေရာတွင် ကိန်းဝပ်စံပါယ်၍ တစ်ဆယ့်ကိုးနှစ်ကြာသောအခါ ဘကြီးတော် စစ်ကိုင်းမင်းသည် ရုပ်ပွားတော်နှင့်တကွ ရဟန္တာဆင်းတုတော်များကို မင်းနေပြည်တော်ဖြစ်သော ရတနာပူရအဝမြို့သို့ ပြောင်းရွှေ့ပင့်ဆောင် ကိုးကွယ်ပြန်ပါသည်။ ထိုအကြောင်းကို နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်တင်က သူ၏ *ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး* ဒုတိယတွဲ စာမျက်နှာ (၄၅၅၊ ၄၅၆) တွင် အောက်ပါအတိုင်း ရေးသားထားပါသည်။

"အမရပူရမြို့ ပထမ မြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး သွန်းလုပ်ကိုးကွယ်တော်မူသည့် စန္ဒာမုနိဘုရားသခင်နှင့် ရဟန္တာအရှင်မြတ်တို့ကို အမရပူရမြို့တော်မှ ရတနာပူရမြို့တော်သို့ ပင့်ဆောင်သည်မှာ ဘိုးတော်မင်းတရားကြီးလက်ထက် သက္ကရာဇ် (၁၁၇၅) တစ်ထောင့်တစ်ရာခုနစ်ဆယ့်ငါးခုနှစ် မင်းကွန်း အလယ်ကျွန်းက အမရပူရမြို့တော်သို့ နှစ်စင်းတွဲဖောင်တော်ကို ရွှေလောင်း



လက်ပြည့် ရှစ်စင်းငင်စေ၍ လှော်ကားတော်၊ လှေတော်၊ သားလှေ၊ ငှက်လှေ၊ ရွှေလှေ၊ ရွှေလောင်း၊ ကတ္တူ၊ လွှန်းကျင်၊ ဇလာကပင်၊ ကုလ္လပ်၊ သမ္ဗာန်မှစ၍ ခြံရံစေပြီးလျှင် တပ်ဝင်းအခင်းအကျင်းကြည်းရေညွှတ်မျှ ခမ်းနားကြီးကျယ်စွာဖြစ်စေလျက် ပင့်ဆောင်တော်မူသကဲ့သို့ သက္ကရာဇ် (၁၁၈၉) တစ်ထောင့်တစ်ရာရှစ်ဆယ့်ကိုးခုဝါခေါင်လပြည့်ကျော် ငါးရက်နေ့ ပင့်ဆောင်တော်မူပြီးလျှင် မဟာမြတ်မုနိဘုရား ရှေ့ဘုံခုနစ်ဆင့်ရှိသော ရွှေပြာသာဒ်တော်အတွင်း ကိန်းဝပ်စေ၍ အသီတိရဟန္တာရုပ်ပွားတော်များကိုလည်း တန်ဆောင်းနှင့်ချည်းထားပြီးလျှင် ကိုးကွယ်တော်မူသည်" ဟု ဖော်ပြထားပါသည်။

စန္ဒာမုနိဆင်းတုတော်ကိန်းဝပ်ရာ အင်းဝမဟာမြတ်မုနိဘုရားသည် ဒုတိယအင်းဝခေတ်ကို စတင်ထူထောင်သော ညောင်ရမ်းမင်းတရားကြီး တည်ခဲ့သော စေတီတော်ဖြစ်ပါသည်။ ၎င်းစေတီတော်၏ တည်နေရာမှာ ယခုအခေါ်အားဖြင့် မန္တလေးတိုင်း၊ တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းတွင် ကုန်းကိုးကုန်းအပါအဝင် အနီးကုန်းခေါ် (ဈေးကြီးကုန်း) ရပ်ကွက်တွင် တည်ရှိပါသည်။ စေတီတော်၏ ဉာဏ်တော်မှာ သံတောင် ၇၅ တောင်ရှိ၍ ကြီးမားလှသော ဘုရားကြီးဖြစ်ပါသည်။ အမရပူရမြို့မှ ပင့်လာသော စန္ဒာမုနိ ဆင်းတုတော်မှာ ထိုစေတီကြီး၏ အနောက်ဘက်တွင် ပြာသာဒ်ဘုံ ခုနစ်ဆင့်ရှိသော ဂန္ဓကုဋီရွှေကျောင်းဆောင်တွင် ထားရှိပါသည်။ ဘုရားနှင့်အတူပင့်လာသော ရဟန္တာဆင်းတုတော်များကိုလည်း ဘုရားကြီးပတ်ပတ်လည် အုတ်တံတိုင်းအခြေတွင် အုတ်ကျောင်းဆောင်များနှင့်ထား၍ ကိုးကွယ်ပါသည်။ ဘုရား၏မူလ မဟာမြတ်မုနိဆိုသော ဘွဲ့တော်

www.burmeseclassic.com

 www.burmeseclassic.com

အပြင် စန္ဒာမုနိဆိုသောဘွဲ့တော်ကို ထပ်မံရရှိလာပါသည်။ ၎င်းကို ဘုရားအဝင်တွင် စာတန်းတွဲလျက် ရေးထိုးထားပါသည်။ ဘကြီးတော်မင်းတရား ဆောက်လုပ်ခဲ့သော ဂန္ဓကုဋီပြာသာဒ်ဆောင်များမှာ ယောင်းနွမ်းပျက်စီးသွားပြီဖြစ်သဖြင့် ယခုအခါ အသစ်ထပ်မံပြုပြင်ထားသော ပြာသာဒ်ဆောင်များကို တွေ့ရပါသည်။ ထိုဂန္ဓကုဋီတိုက်အတွင်း၌ ယခုကိန်းဝပ်နေသော ဆင်းတုတော်မှာ မူလဘိုးတော်ဘုရား သွန်းလုပ်ခဲ့သော ဆင်းတုတော်မဟုတ်ဘဲ ကိုယ်စားတော်အသစ်ဆင်းတုတော်ဖြစ်ပါသည်။

အင်းဝဘုရင် ဘကြီးတော်ဘုရား၏ အရိုက်အရာကို ဆက်ခံသော ညီတော် သာယာဝတီမင်း ခေါ် ရွှေဘိုမင်း ခေါ် ကုန်းဘောင်မင်းသည် မင်းနေပြည်တော်ကို အင်းဝမြို့မှ အမရပူရမြို့ ရွှေ့ပြောင်းတော်မူခဲ့ပါသည်။ ထိုအခါ အင်းဝတွင် (၁၁) နှစ်ကြာ စံနေတော်မူပြီးခဲ့သော စန္ဒာမုနိရုပ်ပွားတော်နှင့် ရဟန္တာများကိုလည်း အမရပူရမြို့သို့ တစ်ဖန် ပြောင်းရွှေ့ကိုးကွယ်ပြန်ပါသည်။ ဘုရားပင့်ဆောင်ပုံနှင့်ပတ်သက်၍ *ကုန်းဘောင်ဆက်* မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ စာမျက်နှာ (၅၈၄) တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

"သက္ကရာဇ် တစ်ထောင့်နှစ်ရာပြည့်နှစ် အမရပူရမြို့ ပထမ မြို့တည်နန်းတည် မင်းတရားကြီးလက်ထက် သွန်းလုပ်တော်မူသည့် စန္ဒာမုနိဘုရား ရုပ်ပွားတော်ကို ရတနာပူရအင်းဝမြို့က အမရပူရမြို့တော်သို့ ပင့်ဆောင်တော်မူမည်ကို ကောင်းတုံမြို့စား ဝန်ကြီး သတိုးမင်းရဲရာဇာ၊ မိုးနဲဗိုလ်မှူးဝန်ထောက် မဟာမင်းလှသီဟသူတို့ကို ရွှေငွေဖန်မှန်တို့ဖြင့် ဆန်းကြယ်စွာခြယ်လှယ်သော နှစ်စင်းတွဲ နယားရုပ်ဖောင်တော်ထက် မြတ်စွာဘုရားရုပ်ပွားတော်



ကို ကြီးကြပ်ကြည့်ရှု တင်ဆောင်ထားရမည့် အမိန့်တော်နှင့် ထိုသက္ကရာဇ် တော်သလင်းလပြည့်ကျော် ခြောက်ရက်နေ့ ရတနာပူရအင်းဝမြို့သို့ အရင်သွားနှင့်စေပြီးလျှင် ၎င်းလပြည့်ကျော်ရှစ်ရက်နေ့ မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်မှူး တပ်မှူး သူရဲသူခက်အပေါင်းတို့ ခြံရံလျက် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး အင်းဝမြို့အရောက် ရေကြောင်းထွက်တော်မူ၍ စန္ဒာမုနိဘုရား ရုပ်ပွားတော်တင် ဖောင်တော်ထက် ဆရာတော်သံဃာတော်တို့ ဝဲယာခြံရံစေပြီးမှ အသီတိရှစ်ကျိပ် သာမဏေကျော် ရဟန္တာရုပ်ပွားတော်များကို မင်းညီ မင်းသားမှူးတော်မတ်တော်တို့ လှော်ကားတွင် တင်ဆောင်တော်မူပြီးလျှင် ရုပ်ပွားတော်မှာ အမရပူရ ပထမ မြို့တည်နန်းတည် မင်းတရားကြီး တည်ထားရင်း ရွှေမြို့တော်မြောက်မျက်နှာ စန္ဒာမုနိစေတီတော် လိုဏ်မှခ်အတွင်း အသီတိရဟန္တာ ရုပ်ပွားများမှာ ၎င်းစေတီတော် မဟာ့ရံအတွင်းပတ်လည်တွင် အသီတိ ရှစ်ကျိပ် ပြာသာဒ်တန်ဆောင်းအတွင်း သွင်းထားတော်မူ၏" (စာ ၅၈၄)

ဤသို့လျှင် စန္ဒာမုနိရုပ်ပွားတော်နှင့် ရဟန္တာတို့သည် အမရပူရသို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိ ကိန်းဝပ်စံပါယ်တော်မူရပြန်ပါသည်။ အမရပူရမြို့တွင် နှစ်ပေါင်း (၂၉) နှစ်ကြာ စံနေတော်မူပြီးနောက် မင်းတုန်းမင်းတရားကြီးသည် အထက်၌ ဖော်ပြခဲ့ပြီးသည့်အတိုင်း သက္ကရာဇ် ၁၂၂၉ ခုနှစ်တွင် စန္ဒာမုနိရုပ်ပွားတော်ကို မန္တလေးမြို့ ယခုနေရာသို့ ပြောင်းရွှေ့ကိုးကွယ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့တွင် အမရပူရမြို့မှာကဲ့သို့ အာလိန်ငါးဆင့် အုတ်ပလ္လင်ခံထားသော ဘုရားရင်ပြင်တော်ပေါ်၌ အုတ်ရိုးစေတီ တည်ထား၍ ထိုစေတီ၏ ရှေ့ဘက် နှစ်တောင်အကွာတွင် ဘုံခုနစ်ဆင့်ရှိ ဂန္ဓကုဋီအုတ်ပြာသာဒ်တော်နှင့် စန္ဒာမုနိရုပ်ပွားတော်ကို တည်ထားကိုးကွယ်ခဲ့ပါသည်။ ကာလအားဖြင့် ဆင်းတုတော် သွန်းလောင်းပြီး (၆၅) နှစ်ကြာမှ မင်းတုန်းမင်း တည်ခဲ့ခြင်းဖြစ်ပါသည်။ မန္တလေးမြို့သို့ ပင့်လာသောအခါ အသီတိရှစ်ကျိပ် ရဟန္တာများ၏ ရုပ်တုများ မပါခဲ့ပါ။

## စန္ဒာမုနိစေတီတော်

မင်းတုန်းမင်းတရားကြီးသည် နန်းမြေဘုံသာ စံနန်းတော်ဆောင်မတော်ကို ဖျက်သိမ်း၍ ညီတော် အိမ်ရှေ့မင်းအလောင်းကို သင်္ဂြိုဟ်ပြီးနောက် ဘိုးတော်ဘုရား မူလသွန်းလုပ်ခဲ့သော စန္ဒာမုနိဆင်းတုတော်ကို ပင့်ဆောင်ကိုးကွယ်သည်သာမက နန်းမြေဘုံသာ စံနန်းတော်ရာတွင် သက္ကရာဇ် ၁၂၂၉ ခုနှစ်ကပင် အမရပူရမြို့မှာကဲ့သို့ အာလိန်ငါးဆင့်ရှိသော အုတ်ပလ္လင်ခံ၍ အုတ်ရိုးစေတီတစ်ဆူအသစ် တည်ထားခဲ့ပါသည်။ ယင်းစေတီတည်ထားခဲ့ခြင်းနှင့် ပတ်သက်၍ ဦးမောင်မောင်တင်၏ *ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ* စာမျက်နှာ ၃၅၆ တွင်

“ပြီးလျှင် လုံခြုံအောင် အုတ်ပိတ်၍ ၎င်းအရှေ့ နှစ်တောင်ကွာတွင် စန္ဒာမုနိဘုရား ကိန်းဝပ်ရန် အုတ်ပလ္လင်ခံ၍ ၎င်းအပေါ် အုတ်ရိုးစေတီ တည်ထားစေသည်”

ဟု ဖော်ပြထားပါသည်။ ၎င်းဖော်ပြ ချက်သည် တိုလွန်းလှသဖြင့် ပိုမိုပြည့်စုံအောင် အထောက်အထားများ ဆက်လက်ရှာသောအခါ



မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူပြီးနောက် သူ၏ ကုသိုလ်တော်များကို စုစည်းမှတ်တမ်းတင်ရာ၌ ဦးမောင်မောင်တင်က အထက်ပါစာအုပ်စာမျက်နှာ (၄၄၄) တွင်

“အမရပူရမြို့ရှိ စန္ဒာမုနိဘုရားကို ပင့်ဆောင်တော်မူ၍ မန္တလေးတောင်အနီး နန်းမြေဘုံသာစံနန်းတော်ရာတွင် ကိန်းဝပ်တော်မူရန် အာရုံခံအုတ်ပြာသာဒ် မဟာရံတံတိုင်းနှင့်တကွ တည်လုပ်သွင်းထား ကိုးကွယ်တော်မူသည့် စန္ဒာမုနိစေတီတော်”

ဟု ဖော်ပြပါသည်။ ထို့အပြင် ယင်းခဲမောင်မောင်နှင့် ကန္နီစစ်ကဲ မင်းထင်ရာဇာတို့ကလည်း အမရပူရမှ ဆင်းတုတော်ကို ပင့်သည့် တစ်ချိန်တည်းပင် အုတ်ရိုးစေတီ တည်သည်ဟု ဖော်ပြကြပါသည်။ အဆိုပါစာအုပ်များအပြင် ကုသိုလ်တော် ဘုရားပရဝုဏ်အတွင်း မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော်အားလုံးကို တစ်စုတစ်ပေါင်းတည်း မှတ်တမ်းတင်ထားရန် ကြေးမြင်မိဖုရားနှင့် သားတော် ပျဉ်းမနားမင်းသားကြီးတို့၏ စေခိုင်းချက်အရ မင်းထင်မဟာစည်သူ ဘွဲ့ခံ ဝက်မစွပ်ဝန်ထောက်မင်း ရေးသားထားသည့် ကျောက်စာ (၃) ချပ် ရှိပါသည်။ အဆိုပါ ကျောက်စာများအနက် ကျောက်ချပ်နံပါတ် (၁) စာမျက်နှာ (၁) တွင် ရှေးဦးစွာ မင်းတုန်းမင်း တည်ခဲ့သော ဘုရားစေတီများကို ဖော်ပြပါသည်။ ၎င်းတို့မှာ–

မန္တလေး ရတနာပုံမြို့တော်ကို ရှေးထုံးစံစာတမ်းအတိုင်း ခုနစ်ဌာနထား၍ တည်လုပ်တော်မူရာ အပါအဝင် မဟာလောကမာရဇိန် စေတီတော်နှင့်တကွ **စန္ဒာမုနိစေတီတော်** တည်လုပ်ခဲ့ရန်ကင်းတောင် ကျောက်မဟာစေတီတော်၊ အမရပူရမြို့ မဟာဝိဇယရံသီ စေတီတော်၊ မင်းကွန်း ရှင်ဖြူစေတီတော်ပါ အသစ်တည်ဆောက်

www.burmeseclassic.com

www.burmeseclassic.com



တော်မူခြင်းဟု မင်းတရားကြီး အသစ်တည်ခဲ့သော စေတီတော်များစာရင်းကို ဖော်ပြထားပါသည်။

အထက်တွင် ဖော်ပြခဲ့သော ရာဇဝင် အစောင်စောင်နှင့်တကွ ကျောက်စာ အထောက်အထားများက နန်းမြေဘုံသာ စံနန်းတော်ရာဝင်းအတွင်းမှ အာလိန်ငါးဆင့် အုတ်ပလ္လင်ခံနှင့် စန္ဒာမုနိအုတ်ရိုးစေတီကို မဟာရံတံတိုင်းနှင့်တကွ မင်းတုန်းမင်းကြီးသည် အိမ်ရှေ့မင်း၏ အလောင်းတော်ကို သင်္ဂြိုဟ်ပြီးနောက် (၁၀) ရက်အကြာတွင် တည်ထားခဲ့ကြောင်း ဖော်ပြနေပါသည်။

## စန္ဒာမုနိဘုရားများ

မန္တလေးရှိ စန္ဒာမုနိဘုရားပရဝုဏ်အတွင်း၌ အာလိန်ငါးဆင့်ရှိ အုတ်ပလ္လင်ပေါ်တွင် အုတ်ရိုးစေတီတစ်ဆူ၊ ထိုစေတီ၏ အရှေ့ဘက်တွင် သီးခြား ဂန္ဓကုဋိ အုတ်ပြာသာဒ်တော်နှင့် ရုပ်ပွားတော်တစ်ဆူ ရှိပါသည်။ ဤပုံစံအနေအထားသည် အမရပူရမှာရော မန္တလေးမှာပါ ထပ်တူဖြစ်ပါသည်။ စန္ဒာမုနိ ဟူသော ဘွဲ့တော်သည် ရုပ်ပွားဆင်းတုတော်ကို ဘိုးတော်ဘုရား သမုတ်တော်မူခဲ့သော ဘွဲ့ဖြစ်၍ နောက်က စေတီတော်မှာ သီးခြားဘွဲ့ မရှိပါ။ စန္ဒာမုနိဟူ၍ပင် ခေါ်ကြပါသည်။ ထိုကဲ့သို့ပင် အင်းဝ၌လည်း အုတ်ရိုးစေတီတော်နှင့် စန္ဒာမုနိရုပ်ပွားဆင်းတုတော် ကိန်းဝပ်ရန် သီးခြားဂန္ဓကုဋီနှင့် ထားရှိပါသည်။ အင်းဝသို့ စန္ဒာမုနိရုပ်ပွားတော် ရောက်ရှိလာသောအခါ ရှေးတည်ရှိခဲ့သော စေတီတော်၏ မူလဘွဲ့တော်ဖြစ်သော မဟာမြတ်မုနိအပြင် စန္ဒာမုနိဆိုသော ဘွဲ့တော်ကိုပါ ပူးတွဲခေါ်ဆိုလာကြပါသည်။ ထို့ကြောင့် စန္ဒာမုနိဟူသော ဘွဲ့တော်နှင့် ဘုရားသုံးဆူ ရှိပါသည်။



မန္တလေးမြို့တွင် မင်းတုန်းမင်းတရားကြီး တည်ထားခဲ့သော စန္ဒာမုနိဘုရား၏ မဟာရံတံတိုင်းသည် အရှေ့အနောက် ပေ (၇၃၀)၊ တောင်မြောက် အနံ (၃၆၅) ပေရှိ၍ အမြင့် (၆) ပေ ရှိပါသည်။ ၎င်းမဟာရံတံတိုင်းအတွင်း အာလိန်ငါးဆင့်ရှိသော အုတ်ပလ္လင်အပေါ်တွင် အုတ်ရိုးစေတီနှင့် ၎င်း၏အရှေ့ဘက် (၂) တောင်အကွာတွင် စန္ဒာမုနိဆင်းတုတော် ကိန်းဝပ်ရာဘုံ (၇) ဆင့်ရှိ ပြာသာဒ်နှင့် ဂန္ဓကုဋီအုတ်တိုက်ရှိပါသည်။ အာလိန်ငါးဆင့်ရှိ အုတ်ပလ္လင်တော်၏ အတိုင်းအတာများမှာ ဖိနပ်တော်သည် အောက်ခြေမြေညီတွင် အလျားပေ (၂၀၀)၊ အနံ (၁၂၁) ပေရှိ၍ မြေညီမှ (၈) ပေ မြင့်ပါသည်။ အာလိန်ငါးဆင့်ထက် ဘုရားများတည်ရှိရာ အုတ်ပလ္လင်၏ ရင်ပြင်တော်သည် အလျား (၁၅၂ ပေ ၄ လက်မ)၊ အနံ (၁၀၃ ပေ ၉ လက်မ) ရှိပါသည်။ ထိုရင်ပြင်ပေါ်တွင် တည်ထားသော အုတ်ရိုးစေတီတော်၏ ဖိနပ်တော်မှာ အလျား အနံ (၇၅) ပေစီရှိ၍ ဉာဏ်တော် (၁၀၀) ပေ ရှိပါသည်။ ဂန္ဓကုဋီအုတ်တိုက်တော်မှာ အလျား (၃၆)၊ အနံ (၃၄) ပေ (၆) လက်မ ရှိပါသည်။ အုတ်ရိုးစေတီနှင့် ဂန္ဓကုဋီတိုက်တို့သည် မူလက ထုံးသင်္ကန်းသာ ကပ်လှူထားလျက် ရှိပါသည်။ ၁၃၅၁ ခုနှစ်တွင် ကနောင်မင်းသားကြီး၏ အနွယ်တော်များဖြစ်ကြသော ကောင်းတုံထိပ်ခေါင်တင်ဘုရား သမီးတော် ကောင်းတုံထိပ်တင်မကြီးနှင့် မြေးတော် နယ်ပိုင်ဝန်ထောက် လင်းပင်တင်တင်ကြီးကို ရည်စူး၍ မင်းကတော် ဒေါ်ခင်ခင်စိန်မိသားစုက စေတီ၏ သပိတ်မှောက်မှစ၍ အထက်ပိုင်းကို မှန်သင်္ကန်းကပ်လှူခဲ့ပါသည်။ စန္ဒာမုနိစေတီ၏ ထီးတော်မှာ ကြေးသတ္တုဖြစ်၍ ၎င်းကို ရွှေချထားခြင်း ဖြစ်ပါသည်။ အဆိုပါထီးကို ရဟန်းပျိုအဖွဲ့တာဝန်ယူ အုပ်ချုပ်စဉ်က မဟာမြိုင်ဆရာတော်ဘုရား ကြီးမှူးလုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်၍ ၁၃၁၁ ခု၊ ပြာသိုလ (၁၉-၁၂-၄၉) တွင် အသစ်တင်လှူခဲ့ခြင်း ဖြစ်ပါသည်။

ထိုထီးသည် ရွှေမရှိတော့ဘဲ မည်းနေသဖြင့် အငြိမ်းစား ဗိုလ်မှူးမြသောင်း ခေါင်းဆောင်သော ဂေါပကအဖွဲ့မှ အောက်သို့ချ၍ ရွှေအစစ် ထပ်မံကပ်လှူပြီး စိန်ဖူးတော်အသစ်နှင့် သက္ကရာဇ် ၁၃၅၄ ခု၊ ဝါဆိုလပြည့် (၁၄-၇-၉၂) အင်္ဂါနေ့တွင် တင်လှူခဲ့ပါသည်။

ဘုရား၏အဝင် တံတိုင်း၏မုခ်ပေါက်တွင် ကြီးမားလှသော သံတံခါးကြီး (၄) ခုရှိ၍ စေတီတော်ဆီသို့ ဦးတည်လျက် လေးမျက်နှာမှ သံစောင်းတန်းကြီးလေးသွယ်နှင့် စေတီပတ်ပတ်လည်ကို သံစောင်းတန်းများ ဆောက်လုပ်လှူဒါန်းထားပါသည်။ ထိုစောင်းတန်းများ၏ အောက်ခြေ လူသွားလမ်းအားလုံးကို တောင်ဦး ကျောက်ပြားများ အပြည့်ခင်းထားပါသည်။ ရသေ့ကြီး ဦးခန္တီသည် ထိုသံစောင်းတန်း ခန်းရေ (၄၄၀) ကို ၁၂၇၃ ခုနှစ်တွင် အများပြည်သူ၏ အလှူငွေများနှင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ စောင်းတန်း အခန်းတိုင်းတွင် အလှူရှင်အမည်များရှိသော်လည်း ဆေးများမှိန်နေပြီဖြစ်၍ ကွဲကွဲပြားပြား ဖတ်မရတော့ပါ။ ထိုသံစောင်းတန်းများအပြင် ဂန္ဓကုဋီအုတ်တိုက် ပတ်ပတ်လည် အုတ်ပလ္လင်၏ ရင်ပြင်တော်တစ်ခုလုံးကိုလည်း သံအာရုံခံတန်ဆောင်းကြီးကို သက္ကရာဇ် ၁၃၀၀ ပြည့် (၁၉၃၈) ခုနှစ်က ဆောက်လုပ်ခဲ့ပါသည်။ ထိုအာရုံခံကြီး၏ ဒါယကာမှာ ဈေးချိုတော် ဝါးတန်းရပ်မှ ဦးမောင်မောင်-ဇနီး ဒေါ်ဒေါ်ခင် မိသားစုကောင်းမှု ဖြစ်ပါသည်။ ထိုစဉ်က အာရုံခံ သံတန်ဆောင်းကြီးတွင် မျက်နှာကြက် မရှိသေးပါ။ သံဘောင်၊ သံတိုင်များနှင့် သွပ်ပြားများ မိုးထားပါသည်။ ဘုရားဖူးများ အာရုံခံရန် ဂန္ဓကုဋီမုခ်ဝ တည့်တည့်မှ အရှေ့အုတ်ပလ္လင်လှေကားထိပ်အထိ ရင်ပြင်ကိုသာ



ကြွေကျောက်ဖြူပြားများ ခင်းထားပါသည်။ ရသေ့ကြီး ဦးခန္တီသည် ထိုအဆောက်အဦးများသာမက အာလိန်ငါးဆင့်မှ ကျိုးပျက်နေသော စိန်တောင်များကိုလည်း ပြုပြင်ခဲ့ပါသည်။

## အဆင့်ဆင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပုံ

မန္တလေး စန္ဒာမုနိဘုရားကို မူလဘုရားဒါယကာ မြန်မာမင်းများမရှိတော့သည့်နောက် သက္ကရာဇ် ၁၂၆၉ ခုနှစ်မှစ၍ ရသေ့ကြီး ဦးခန္တီ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ ၁၃၁၁ ခုနှစ် ရသေ့ကြီး ပျံလွန်တော်မူသည်အထိ ဖြစ်ပါသည်။ ယင်းနောက် ရသေ့ကြီး ထိန်းသိမ်းခဲ့သော သာသနိက အဆောက်အဦးအားလုံးကို လွှဲပြောင်းတာဝန်ယူ အုပ်ချုပ်ခဲ့ရာ စန္ဒာမုနိဘုရား အပါအဝင် ဖြစ်ပါသည်။ ထိုစဉ်က ဘုရားပေါ်တွင် ဥပါသကာတစ်ယောက်နှင့် အလှူခံပုံးအနေနှင့် မြေစိုက်မီးခံသေတ္တာအနီကြီး တစ်လုံးသာ ရှိပါသည်။ ဘုရားဖူး အသွားအလာ အလွန်နည်းပါး၍ ဘုရားမှာ အလွန်ခြောက်လှပါသည်။ ဘုရား၏ လစဉ်အလှူတော်ငွေမှာ ကျပ်ငါးရာမှ ရှစ်ရာကျော် ကိုးရာမျှသာ ရပါသည်။ ယင်းနောက် သက္ကရာဇ် ၁၃၅၂ ခု၊ တန်ခူးလဆန်း (၉) ရက်၊ (၂၃-၃-၉၁) နေ့တွင် သက်ဆိုင်ရာ အာဏာပိုင်များက စန္ဒာမုနိဘုရားကို ရဟန်းပျိုအဖွဲ့၏ အုပ်ချုပ်မှုအောက်မှ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား ဂေါပကအဖွဲ့သို့ လွှဲပြောင်း၍ပေးခဲ့ပါသည်။

ထိုအချိန်မှစ၍ ဤစာပြုစုသော ကောဇာသက္ကရာဇ် ၁၃၆၂၊ (၂၀၀၀) တိုင် စန္ဒာမုနိဘုရား၏ အုပ်ချုပ်မှုကိစ္စအဝဝကို တိုင်းမှူး၏ လမ်းညွှန်မှုအရ ဘက်စုံထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ဈေးဟောင်း သုတေသနဌာနတို့၏ အနီးကပ်ကြီးကြပ်မှုအောက်တွင် ဘုရား၏

www.burmeseclassic.com

www.burmeseclassic.com




ဂေါပကအဖွဲ့ဝင်များက နေ့စဉ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပါသည်။

ဘက်စုံပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်လွှဲအပ်ပေးခြင်းခံရသော ကုသိုလ်တော်ဘုရား၏ ဂေါပကအဖွဲ့သည် ရှေးဦးစွာ ၎င်း၏အဖွဲ့ဝင်များအတွင်းမှ ဦးခင်၊ ဦးမြတ်ထွန်း၊ ဦးဝေ၊ ဦးဆုပန်၊ ဦးတင်အောင်၊ ဦးအောင်သူ၊ ဦးထွန်းသိန်း၊ ဦးဘသော်၊ ဗိုလ်ကြီး ခင်ညို တို့ကို စန္ဒာမုနိဘုရားအား အနီးကပ်ကြီးကြပ်စောင့်ရှောက်ရန် ခွဲဝေ၍ တာဝန်ချထားပေးခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များအနက် သေဆုံးသူများ၊ အသက်ကြီး၍ အနားယူသူများရှိသဖြင့် ယခုသမိုင်းပြုစုချိန်၌ ဆရာတော် ဦးကေသဝ (ဓမ္မာစရိယ၊ ဘီအေ) နှင့် ဆရာတော် ဦးသုဇနတို့၏ ဩဝါဒအောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဘုရား၏ ဂေါပကအဖွဲ့ဝင်များမှာ ဦးအောင်သူ၊ ဗ-က ခင်ညို (ငြိမ်း)၊ ဦးသက်တင်၊ ဦးဝေ၊ ဦးပေါက်၊ ဦးမောင်ညို၊ ဦးစိန်မောင်၊ ဦးကျော်သိန်း၊ ဦးအုံးမောင်၊ ဦးဘညွန့်တို့ ဖြစ်ကြပါသည်။ ကုသိုလ်တော်ဘုရား ဂေါပကအဖွဲ့သည် စန္ဒာမုနိဘုရားအတွက် ဆောင်ရွက်ရန်တာဝန်များအဖြစ် ဘုရားကို အဘက်ဘက်မှ တိုးတက်မှုရှိအောင် ဆောင်ရွက်ရန်နှင့် ပျက်စီးနေသော ဓမ္မစေတီကျောက်စာများကို ထိန်းသိမ်းစောင့်ရှောက်ရန်ဟု သတ်မှတ်ခဲ့ပါသည်။

ဂေါပကအဖွဲ့သည် ရှေးဦးစွာ ဓမ္မစေတီကျောက်စာများ၏ အပျက်အစီးများကို စာရင်းကောက်ခြင်း၊ ကျောက်စာများ၏ မာတိကာ ပြုစုခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထိုလုပ်ငန်းနှင့်အတူ ကျောက်စာတိုင်များနှင့် ဓမ္မစေတီများ၊ တံတိုင်းများ၊ စေတီများအပေါ်တွင် ပေါက်နေသော ချုံနွယ်သစ်ပင်တို့ကို ရှင်းလင်းသုတ်သင်ခြင်း





စန္ဒာမုနိဘုရားနှင့် အမိုးအကာမဲ့ ဓမ္မစေတီများ

ပြုပါသည်။ ဓမ္မစေတီများနှင့် အမိုးအကာမဲ့ကျိုးပဲ့နေသော ကျောက်စာများကို ပိုမိုပျက်စီးမှုမရှိအောင် ထိန်းသိမ်းနိုင်ရန် အခြေအနေအရပ်ရပ်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်များနှင့်တကွ သက်ဆိုင်ရာအာဏာပိုင်များ ထံသို့ တင်ပြခဲ့ပါသည်။

တာဝန်လွှဲပြောင်းပေးအပ်ခြင်းခံရသော ဂေါပကလက်ထက် စန္ဒာမုနိရုပ်ပွားတော်နှင့်ပတ်သက်၍ ဆောင်ရွက်သည့် ကုသိုလ်တစ်ရပ်မှာ ဂန္ဓာကုဋီအုတ်တိုက်အတွင်း ရှိ စန္ဒာမုနိရုပ်ပွားတော်၏အထက်တွင် ရွှေမျက်နှာကြက်တော်ကို ၁၃၅၄ ခုနှစ် (၁၉၉၂) တွင် ကပ်လှူခဲ့ခြင်း ဖြစ်ပါသည်။ ထိုရွှေမျက်နှာကြက်တော်ကို (ကျပ် ၇၂၀၀၀) နှင့် ဗိုလ်ကြီး ကျော်သန်း - ဒေါ်အေးစုကြည် မိသားစုက တစ်ဦးတည်း ဒါယကာအဖြစ် ကပ်လှူခဲ့ခြင်း ဖြစ်ပါသည်။ ထိုရွှေမျက်နှာကြက်တော် ကပ်လှူပြီး မရှေးမနှောင်းပင် ဂန္ဓကုဋီတိုက်အတွင်း လေးဘက်လေတန် နံရံအားလုံးကို မှန်စီခဲ့ပါသည်။ ထိုမှန်သင်္ကန်းကိုလည်း

www.burmeseclassic.com



အဘ ဦးစိန်–အမိ ဒေါ်မြရင်ကို ရည်ရွယ်၍ သမီး ဒေါ်ကျင်ဆိုင်က ကျပ် (၁၃၆၀၀၀) နှင့် ၂၅–၁–၈၂ နေ့တွင် ကပ်လှူပူဇော်ခဲ့ပါသည်။

ဂန္ဓကုဋီအုတ်တိုက်၏ မုခ်အဝင်ရှိ အင်္ဂတေပန်း တမော ကနုတ်ပန်းများမှာ မူလက ထုံသာ သုတ်ထားပါသည်။ ၎င်းကို မန္တလေးမြို့ ရွှေလုပ်ရပ် ဦးအုန်းလွင်–ဒေါ်ဆွေဆွေမော် (သမီး) မအေးမြလွင်၊ မသော်မော်လွင် မိသားစုတို့က ၁၃၅၇ ခု၊ သီတင်းကျွတ်လပြည့်နေ့တွင် ကျပ် (၂၃၀၀၀၀) အကုန်ခံ၍ ရွှေသား အစစ်ပိန်း ချကပ်လှူပူဇော်ခဲ့ပါသည်။

ဤကဲ့သို့ ဂန္ဓကုဋီအုတ်တိုက်၏ အတွင်းနံရံအားလုံးကို မှန်စီပြီး ရွှေသား မျက်နှာကြက်တော်နှင့် ရွှေစစ်ကပ်လှူထားသော မုခ်ပေါက်ကနုတ်ပန်းများ ပေါ်လာသောအခါ ထူးသက်နံ့သာ ရှိသေသော ဂန္ဓကုဋီအုတ်တိုက်၏ အပြင်နံရံအားလုံးကိုလည်း အောက်ပါကုသိုလ်ရှင်များက မှန်သက်နံ့ ကပ်လှူပူဇော်ခဲ့ကြပါသည်။

(က) ဦးကျော်ဝင်–ဇနီး ဒေါ်မြနှင်ဖြူတို့က ခရစ် ၁၉၉၅ ခုနှစ်တွင်လည်း ကောင်း၊

(ခ) ဦးတင်လှ–ဇနီး ဒေါ်စိန်စိန်လှတို့က ၁၇–၄–၉၄ ခုနှစ်တွင်လည်းကောင်း၊

(ဂ) ဦးဘိုဝင်–ဇနီး ဒေါ်တင့်တင့်တို့က ၁၃၅၆ ခုနှစ်၊ တန်ခူးလပြည့်နေ့တွင်လည်း ကောင်း၊

(ဃ) ညီမလေး မသီသီကို ရည်စူး၍ ဦးတေဇ–ဇနီး ဒေါ်နွဲ့နွဲ့တို့ကလည်း ကောင်း၊

(င) ဘုရားဒါယိကာမ ဒေါ်မြင့်ကြည်၊
ဘုရားဒါယကာ ဦးမင်းလွင်–ဇနီး ဒေါ်စန်းစန်းမြင့်၊ (သား) မောင်စန်းလွင်ဖြိုး မိသားစုတို့က ၉–၉–၉၈ ခုနှစ်တွင်လည်းကောင်း၊



(စ) အဖ ဦးနော အား ရည်စူး၍ အမိ ဒေါ်သိန်းရင် အမှူးထားကာ (သား) ဦးမြမောင်၊ ဦးလှမောင်၊ ဦးမောင်ဝင်း (သမီး) ဒေါ်ခင်ခင်မြင့်၊ မနန္ဒာသိင်္ဂီ၊ (သား) မောင်ဇော်ဝင်း၊ မောင်ဇော်မင်း၊ မောင်ဇော်လင်း၊ မောင်ဇော်သင်းတို့က ၂၂–၁၀–၉၈ ခုနှစ်တွင်လည်းကောင်း၊

(ဆ) အမိ ဒေါ်မမလေး၊ (သား) ဦးမောင်ကို (ခ) ဦးသန်းထွန်း–ဒေါ်ချိုချို၊ (သမီး) မဥူအောင်၊ (သား) ဖြိုးဟိန်းထွန်း၊ ပြည့်ပြည့်ဖြိုး၊ ထက်ထက်လင်း မိသားစု (အမရပူရမြို့နယ်နေ) တို့က အသီးသီး ကပ်လှူခဲ့ကြပါသည်။

ဂန္ဓကုဋီတိုက်တော်တစ်ခုလုံးကို မှန်စီခြင်း၊ ရွှေချခြင်းများ ပြုလုပ်၍ ကြည်ညိုဖွယ်ရာဖြစ်လာသောအခါ ဂန္ဓကုဋီအုတ်တိုက် ရင်ပြင်ပတ်လည်တစ်ခုလုံးကို ယိုးဒယားကြွေကျောက်ပြားအပြည့် ခင်းလှူခဲ့ပါသည်။ ခရစ်နှစ် ၂၀၀၀ ခုနှစ်တွင် ဂန္ဓကုဋီတိုက် ရှေ့ရင်ပြင်တော်ရှိ ၄ လက်မပတ်လည် ကြွေပြားများသည် ဟောင်းနေ၍ ၁ ပေပတ်လည် ယိုးဒယားကြွေပြားများဖြင့် အသစ်အစားထိုးပြီး မဝင်းစန္ဒာကြည်က ဒါနပြုခဲ့သည်။ ထို့အပြင် သွပ်မိုးဖြစ်သော အာရုံခံကြီးတစ်ခုလုံးကို ဦးစကြီး–ဒေါ်တင် (သမီး) ဒေါ်သောင်း မိသားစုမှ ငွေကျပ် (၅၄၀၀၀) အကုန်အကျခံ၍လည်းကောင်း၊ အမိ ဒေါ်မလေး အားရည်စူး၍ ဦးမောင်ကို–မချိုချို မိသားစုမှ ကျပ်ငွေ (၃၄၀၀၀) အကုန်အကျခံ၍လည်းကောင်း မျက်နှာကြက်များ ပြုလုပ်ကပ်လှူခဲ့ကြပါသည်။ ဤသို့ ဒါနရှင်အသီးသီးတို့၏ စေတနာကြောင့် စန္ဒာမုနိရုပ်ပွားတော် ကိန်းဝပ်ရာ ဂန္ဓကုဋီနှင့် အာရုံခံများ အတွင်း၌ ရွှေရောင်တဝင်းဝင်း မှန်ရောင်တလင်းလင်းနှင့် အေးချမ်းသာယာစွာ ကြည်ညိုဖွယ်ဖြစ်နေပါတော့သည်။ ထို့အပြင် စန္ဒာမုနိ

www.burmeseclassic.com



ရုပ်ပွားတော်ကို အရှေ့ဘက်မုခ်ပေါက်မှ ဝင်လာစဉ်ကပင် ဘုရားမျက်နှာတော်ကို လှမ်းမျှော်ကြည်ညိုနိုင်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သြဝါဒဖြင့် မူလရှိပြီး သံဇောင်းတန်းကြီးကို မြှင့်ခဲ့ရာ အဝေးကပင် ရွှေရောင်ဝင်းနေသော ရုပ်ပွားတော်ကို လှမ်းမျှော်ကြည်ညိုနိုင်ပါသည်။ ထိုမှမက အဝင်ဝမှစ၍ လမ်းတစ်လျှောက်လုံးကိုလည်း ယိုးဒယားကြွေကျောက်ပြားများ ခင်းထားရာ ခလုတ်မထိ ဆူးမငြိဘဲ ဆင်းတုတော်၏ ရှေ့မှောက်သို့အရောက် လျှောက်လှမ်းနိုင်ကြပါသည်။

စန္ဒာမုနိရုပ်ပွားတော်ကြီးကိုလည်း လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း အလှူဒါနကို ၁၉၉၈ မတ်လတွင် ဦးကျော်ဝင်း-ဇနီး ဒေါ်မြင့်မြင့်သန်း၊ (သမီး) မဇာခြည်ဝင်း၊ မဇင်မာဝင်း၊ (သား) မောင်ကျော်စိုးဝင်း မိသားစု၊ တ-၃/၆၀၊ ၆၃ လမ်း၊ မြို့သစ်တို့မှ ပြုလုပ်ခဲ့ပါသည်။

ဂန္ဓကုဋိတိုက်အတွင်း ရောင်စုံမီးသီး၊ မီးချောင်း၊ မီးပန်းဆိုင်း လှူဒါန်းခြင်းကို ကိုခင်မောင်ချစ်-မနှင်းဆီ မိသားစုတို့ကလည်းကောင်း၊ ဦးလှဒင်-ဒေါ်ခင်ပု မိသားစုတို့ကလည်းကောင်း၊ ပိုက်ကျိုးရပ်မှ ဦးထွန်းနိုင် မိသားစုတို့ကလည်းကောင်း အသီးသီး ဒါနပြုကြပါသည်။ ထို့ကြောင့် ရွှေရောင်ဝင်းပါ မီးရောင်ဖြာ မှန်ရောင်များ တောက်ပကာ ကြည်ညိုဖွယ်ရာ ဖူးနိုင်ပါသည်။ ယခုအခါ ဘုရားဖူးများ စည်ကားလာပြီး ဘုရား၏ အလှူငွေမှာလည်း လစဉ် ငွေတစ်သောင်းငါးထောင်မှ နှစ်သောင်းအထိ တိုးတက်ရရှိလာပါသည်။

ဤသည်တို့မှာ ခရစ်နှစ် ၂၀၀၀ တွင် ကြည်ညိုဖွယ်ရာ အဖြာဖြာနှင့် စန္ဒာမုနိဘုရားအကြောင်း ဖြစ်ပါသည်။ ယခု စန္ဒာမုနိဘုရားပတ်လည်တွင် တည်ရှိနေသော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်



ကို ကမ္ဘာတည်စေရန် ရည်သန်၍ စိုက်ထူပူဇော်ထားသော ဓမ္မစေတီ ကျောက်စာများအကြောင်း ဆက်လက်တင်ပြပါမည်။

## ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ နှင့် ဋီကာကျောက်စာများ

စန္ဒာမုနိဘုရားပရဝုဏ်အတွင်း၌ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီ၊ ပရိဘောဂစေတီများအပြင် ဓမ္မစေတီများ ရှိပါသည်။ မြန်မာနိုင်ငံရှိ ဘုရားများအတွင်း၌ စေတီလေးမျိုးအနက် ဓမ္မစေတီ ပါရှိသောဘုရား ရှားပါးလှပါသည်။ စန္ဒာမုနိဘုရားအတွင်း၌ ဘုရားဟော ပိဋကတ်သုံးပုံ၊ အဋ္ဌကထာနှင့် ဋီကာများ အပြည့်အစုံရှိပါသည်။ တစ်ကမ္ဘာလုံးတွင် ဤတစ်နေရာ၌သာရှိ၍ ကျောက်ချပ်ရေ ၁၇၇၂ ချပ်နှင့် သမိုင်းစာ ၂ ချပ်၊ စုစုပေါင်း ၁၇၇၄ ချပ် ရှိပါသည်။

ရသေ့ကြီး ဦးခန္တီသည် ဘုရားဟော ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ရန် စိတ်အကြံဖြစ်သောအခါ မိမိဆောင်ရွက်လိုသောအလုပ်ကို ယိုစဉ်က သာသနာတော်၏ အကြီးအကဲဖြစ်သော သာသနာပြုဆရာတော်ကြီး ဟုခေါ်သည့် မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားထံ ခွင့်ပြုချက်နှင့် စာမူများ ချီးမြှင့်ပေးသနားရန် လျှောက်ထားတောင်းပန်ခဲ့ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ အပြန်အလှန်ပေးစာမူရင်းများကို ဖော်ပြပါသည်။

## မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားအား လျှောက်လွှာမူရင်း

*မန္တလေးတောင်နေ ခန္တီရသေ့ကြီး ရှိသေလေးမြတ်စွာ လျှောက်ထားပါသည်။ ဘုန်းတော်ကြီးလှသော မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီး။*

www.burmeseclassic.com

www.burmeseclassic.com

ဘုရားတပည့်တော်သည် ဘုန်းတော်ကို အမှီပြု၍ ၁၂၆၉ ခုနှစ်၊ တပေါင်းလဆန်း တစ်ရက်နေ့ကစ၍ မန္တလေးတောင် ထက်အောက်ဝန်းကျင်ဌာနတို့၌ စေတီ၊ ရုပ်ပွား၊ ဘုရား၊ ဆင်းတု၊ ဇရပ်၊ တန်ဆောင်း၊ စောင်းတန်း၊ ရေတွင်းရေကန် စသော ကုသိုလ် အဆောက်အဦး ဟူသမျှ တစ်စတစ်စ ဝါယမစိုက်ထုတ် ပြုစုပြင်ဆင်ရာ သုံးပုံနှစ်ပုံခန့်လောက် ပြီးမြောက် အောင်မြင်ပြီဖြစ်ပါကြောင်း။ ကြွင်းကျန်သေးသော ကုသိုလ်အဆောက်အဦးများကိုလည်း ပြုစုပြင်ဆင်လျက် ရှိပါကြောင်း။

၁၂၇၅ ခု၊ တန်ခူးလ၊ ကဆုန်လလောက်ကစ၍ ပိဋကတ် သုံးပုံ အဋ္ဌကထာ ပါဠိများကို ဘုန်းတော် ကံတော်ကို အမှီပြု၍ တစ်စတစ်စ ဝါယမစိုက်ထုတ်၍ ကျောက်ထက် အက္ခရာ ထုလုပ် ကိုးကွယ်ပူဇော်လိုပါကြောင်း။ ၎င်း ကျောက်ထက်အက္ခရာ ထုလုပ်ကိုးကွယ် ပူဇော်ရန် မှုတော် စာနှင့်တကွ ထုလုပ်ကိုးကွယ်ပူဇော်ခွင့် အမိန့်တော်စာကို ချီးမြှင့်ပေးသနားတော်မူပါမည့်အကြောင်းကို ရှိသေလေးမြတ်စွာ အသနားတော်မြတ်ခံပါသည် ဘုန်းတော်ကြီးလှသော မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ကြီး ဘုရား။

၁၂၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁) ရက်နေ့ လျှောက်။ သာသနာပိုင်ဆရာတော်ဘုရား အမိန့်တော် (မူရင်း)



၎င်းလျှောက်ချက်အရ ဌာနချုပ်ဆရာတော်၊ သံဃနာယကဆရာတော်၊ သုဓမ္မဝင်ဆရာတော်တို့က ထုလုပ်လှူဒါန်း ပူဇော်ကိုးကွယ်စေ ...

မဟာသံဃရာဇာသာသနာပိုင်
ဆရာတော်ဘုရားအမိန့်

၎င်းဆရာတော်များကလည်း သာသနာတော်အရေးနှင့်စပ်လျဉ်း၍ သာသနာတော်၏ စိရဋ္ဌိတိက ဝုဍ္ဎိဝိရုဠှ ဝေပုလ္လအကျိုးငှာ အစွမ်းသတ္တိရှိသည့်အလျောက် ဆိုင်သင့်ရာရာ ကူညီဆောင်ရွက် အားထုတ်ချီးမြှင့်ကြစေ။

၁၂၇၅ ခု၊ ကဆုန်လဆန်း (၈) ရက်နေ့။
မဟာသံဃရာဇာသာသနာပိုင်ဆရာတော်အမိန့်တော်

BURMESE CLASSIC .com

## သဘောတူညီချက် လျှောက်ထားခြင်း

သာသနာပိုင်ဆရာတော်ထံ ဌာနချုပ် သံဃနာယက သုဓမ္မာဆရာတော်များက သဘောတူညီချက် လျှောက်ထားခြင်း။

သာသနာတော် (၂၄၅၇) ခု၊ ကောဇာသက္ကရာဇ် (၁၂၇၅) ခု၊ ကဆုန်လပြည့်ကျော် (၁၅) ရက်၊ အင်္ဂါနေ့ မန္တလေးမြို့၊ မြောက်ပြင် မင်္ဂလာစံကျောင်းတော်အပေါ်တွင် ရသေ့ဦးခန္တီက လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုး တိုးပွားစေခြင်းငှာ ရည်သန်တောင့်တ၍ ပိဋကတ်သုံးပုံ အဋ္ဌကထာများကို ကျောက်ထက်အက္ခရာ ထုလုပ် တည်ထား ကိုးကွယ်ပူဇော်ရန် မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားထံ လျှောက်ထားရာ အမိန့်တော် ချမှတ်ချက်အရ နာယကဆရာတော်၊ သုဓမ္မာဝင်ဆရာတော်၊ ဌာနချုပ်ဆရာတော်၊

www.burmeseclassic.com

www.burmeseclassic.com



အနုဝိဇ္ဇကဆရာတော်တို့ စုံညီစည်းဝေးညှိနှိုင်းတိုင်းပင်ကြရာ ထုလုပ်ရန်မှုတော်များကို ဆိုင်သင့်ရာရာ ဆရာတော်၊ အာဘိဓမ္မိကဆရာတော်၊ သုတ္တန္တိကဆရာတော်တို့နှင့် ဌာနချုပ် အနုဝိဇ္ဇက ဆရာတော်တို့ တာဝန်ဖြစ်၍ ရှာကြံထုတ်ယူ တည်းတိုက်ပေးကြရန် သဘောတူညီချက် ဘုရား။

| | |
|---|---|
| ၁။ သံဃနာယက | မကုဋ္ဌာရာမဆရာတော် |
| ၂။ သုဓမ္မာဝင် | ပုဂံအတွင်းဝန်ဆရာတော် |
| ၃။ သုဓမ္မာဝင် | မင်္ဂလာစံကျောင်းဆရာတော် |
| ၄။ သုဓမ္မာဝင် | စိန်ပန်းဆရာတော် |
| ၅။ သုဓမ္မာဝင် | မြို့ရှေ့တိုက်တော် -- ကျောက်ပန်းတောင်း ဆရာတော် |
| ၆။ သုဓမ္မာဝင် | မြို့ရှေ့ ခင်မကန်ဆရာတော် |
| ၇။ သုဓမ္မာဝင် | အတုမရှိဆရာတော် |

| | |
|---|---|
| ၁။ အရှေ့ပြင်ဌာနချုပ် | သက်ပန်းဆရာတော် |
| ၂။ မြောက်ပြင်ဌာနချုပ် | ဆရာတော် ဦးစိတြ |
| ၃။ အနောက်ပြင်ဌာနချုပ် | ဒက္ခိဏဝန်ဆရာတော် |
| ၄။ တောင်ပြင်ဌာနချုပ် | ငွေတောင်ဆရာတော် |

| | |
|---|---|
| ၁။ အနုဝိဇ္ဇက | မင်းကွန်းဆရာတော် |
| ၂။ အနုဝိဇ္ဇက | ဒီပဲရင်းဆရာတော် |
| ၃။ အနုဝိဇ္ဇက | ဂုကြီးဆရာတော် |
| ၄။ အနုဝိဇ္ဇက | ရွှေရေးဆောင်ဆရာတော် |

BURMESE CLASSIC .com



## သာသနာတော်ပိုင် ဆရာတော် ကျမ်းဂန်များ ခွဲခန့်ခြင်း

ဝိသုဒ္ဓသီလာစာရဓဇ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်နာမတော်ရှိ သာသနာပြုတောင်ခွင် မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် စီစဉ်တော်မူသည်ကား –

၁။ ကင်္ခါအဋ္ဌကထာနှင့် ဝိနည်းငါးကျမ်း အဋ္ဌကထာ
အရှေ့ပြင်တိုက်တော် (တံဆိပ်တော်ရ) အဂ္ဂမဟာပဏ္ဍိတ
သုဓမ္မာဝင် ကျောက်ပန်းတောင်းဆရာတော်
သုဓမ္မာဝင် မြို့ရှေ့ ခင်မကန်ဆရာတော်
သုဓမ္မာဝင် အတုမရှိဆရာတော်

၂။ အဘိဓမ္မာ (၇) ကျမ်း အဋ္ဌကထာ
မြင်းဝန်တိုက် သုဓမ္မာဆရာတော်
မြောက်ပြင် ဇောတိကာရာမ မင်္ဂလာစံကျောင်းတိုက် သုဓမ္မာဝင်ဆရာတော် ဦးနန္ဒ
ရှင်းတိုက် ဌာနချုပ်ဆရာတော် ဦးစိတ္တရ

၃။ ပဏ္ဏာသ (၃) ကျမ်း အဋ္ဌကထာ
အနောက်ပြင်တိုက်တော် အဂ္ဂမဟာပဏ္ဍိတ မောက်ကြီးဆရာတော်

၄။ သံယုတ် (၅) ကျမ်း အဋ္ဌကထာ
စိန်ပန်းတိုက်သစ် သုဓမ္မာဝင်ဆရာတော်

၅။ အင်္ဂုတ္တိုရ် (၁၁) ကျမ်း အဋ္ဌကထာ
အရှေ့ပြင်ဌာနချုပ် သက်ပန်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



၆။ ခုဒ္ဒကပါဌအဋ္ဌကထာ
အဂ္ဂမဟာပဏ္ဍိတ ခေမာသီဝံဆရာတော်

၇။ ဓမ္မပဒအဋ္ဌကထာ
အဂ္ဂမဟာပဏ္ဍိတ သုဓမ္မာဝင် ဒီပဲရင်းဆရာတော်

၈။ သုတ္တနိပါတ်အဋ္ဌကထာနှင့် ဣတိဝုတ်အဋ္ဌကထာ
အနုဝိဇ္ဇက ရွှေရေးဆောင်ဆရာတော်

၉။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ
တံခွန်တိုင် အနုဝိဇ္ဇကဆရာတော်

၁၀။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ
ဂူကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိက သုဓမ္မာဆရာတော် ဦးဝါယမ

၁၁။ ကျန်အဋ္ဌကထာ ဋီကာများ
အဘယာရာမ မိုးထိတိုက် အဂ္ဂမဟာပဏ္ဍိတ ကျောက်စာကြပ်ဆရာတော် ဦးဇာဂရ

ယင်းဆရာတော်အသီးသီးကို အက္ခရာပုဒ်ပါဠိ ကျနသေချာမှန်ကန်အောင် တည်းဖြတ်ပြင်ဆင် သုတ်သင်စေတော်မူသည်။

## ကျောက်စာကြပ်ရန် လျှောက်ထားတောင်းပန်ခြင်း

ယင်းသို့ သုတ်သင်ပြင်ဆင်ပြီးသော မဟာသံဃရာဇာ သာသနာပိုင်ထံမှ ရရှိသော မူတော်တို့ကို ရသေ့ကြီး ဦးခန္တီသည် မန္တလေးတောင်ခြေ အဘယာရာမ မိုးထိတိုက်နေ မိုးထိမူစာချအနက်



နိဿယ ရေးသားတော်မူသော အဂ္ဂမဟာပဏ္ဍိတ ကျောက်စာကြပ်ဆရာတော် ဇာဂရာဘိဓေ အရှင်မြတ်အား ပေးအပ်လျက် အရှင်ဘုရားစောင့်ရှောက်တော်မူ၍ ကျောက်စာများကို ကြီးကြပ်မှုပြု ကြည့်ရှုတော်မူပါဟု လျှောက်ထားပြီးလျှင် ကျောက်ချပ်ဖိုး၊ ချောခ၊ မင်ရေးခ၊ တည်းခ၊ ထုခတို့ကို မင်အိုး ကလောင်တံ ရေးရန်နှစ်တို့နှင့်တကွ လှူအပ်တော်မူသည်။

## ကျောက်ထက်အက္ခရာ ကြပ်မတ်ယူစေခြင်း

ကျောက်စာကြပ် ဆရာတော်ကလည်း သာသနာပိုင် ဆရာတော်ထံမှ ပေးအပ်ရရှိသော မူတော်တို့ကို တစ်ဖန် ထပ်၍ သဒ္ဒါဘက်ဆိုင်ရာ ကျမ်းများစွာနှင့်လည်းကောင်း၊ အဋ္ဌကထာ ဋီကာ မူကွဲအစောင်စောင်တို့နှင့်လည်းကောင်း၊ တိုက်ဆိုင်ညှိနှိုင်းပြီးလျှင် အထပ်ထပ်သုတ်သင် မှန်ကန်သေချာလှသည်ကို မြင်မှ မင်ရေးစာရေးတို့ကို သေချာမှန်ကန်အောင် ရေးသားစေ၍ တည်းတိုက်ပြန်ရာ သဝေ၊ ပုဒ်မ မတိမ်းစေမှ ကျောက်ဆစ်တမော့တို့ကို ထုလုပ်စေသည်။

## စန္ဒာမုနိအတွင်း ဓမ္မစေတီများ စိုက်ထူတည်ထားခြင်း

ယင်းသို့ ထုလုပ်ပြီး ကျောက်ထက်အက္ခရာများကိုလည်း ကံ၊ ကတ္တား၊ အသွားအလာပုဒ် ဝါကျအရာ၌ လိမ္မာလှသော လူကဝိမြောက် ပါမောက်ပုဂ္ဂိုလ်တို့ကို တစ်ဖန်ထပ်လျက် သုံးထပ်လေးပြန် ဖန်ဖန်ကြည့်ရှု၍ အနည်းငယ်တိမ်းယိမ်း ချွတ်ချော်အံ့သည်ကို ပြင်ဆင် သေချာ မှန်ကန်လှပါမှ ထုလုပ်ပြီး ကျောက်ချပ်တို့ကို စန္ဒာမုနိဘုရား ပရဝုဏ် မီးတားအတွင်း အုတ်ပလ္လင်ခုံ ကောင်းစွာတည်၍ အချို့မှာ

—

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စာတစ်ချပ်ကျ၊ အချို့မှာ ကျောက်စာသုံးချပ်ကျ တည်စိုက်ပြီး လျှင် အုတ်ပလ္လင်ထက်တွင် ပြင်က ကြည့်ညိုဖွယ်ရာ မျက်နှာလေးမှန် အပြိုင်ထုတ်လျက် တိုးဆုတ်ပစ္စယာ ရှစ်ဖြာထောင့်သုံး၊ ဖောင်းရစ်ဆုံးမှ ရွဲလုံးကြာမှောက် ကြာလန်ရောက်၍ ထို့နောက် ငှက်ပျောဖူးတွင် ထီးထွင့်တင်ထား ငှက်မြတ်နားတို့ဖြင့် မြူးစေလျက် စိန်ဖူးထည့်ထား ကာ ဓမ္မက္ခန္ဓာ စေတီတော်တို့ကို တည်ထားတော်မူသည်။

## အဋ္ဌကထာ ဋီကာကျောက်စာတော်များစာရင်း

### ဝိနယ အဋ္ဌကထာများ

ကင်္ခါနှင့် ဝိနည်းငါးကျမ်း အဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ဝိနယသင်္ခေပအဋ္ဌကထာ၊ ဥတ္တရဝိနိစ္ဆယအဋ္ဌကထာ၊ ခုဒ္ဒသိက္ခာ အဋ္ဌကထာ၊ မူလသိက္ခာအဋ္ဌကထာ၊ နိပုဏပဒေသင်္ဂဟအဋ္ဌကထာ၊ သီလာဝဟအဋ္ဌကထာ၊ သိက္ခာပဒဝဠဉ္ဇနအဋ္ဌကထာ။

### သုတ္တန္တအဋ္ဌကထာများ

ဒီဃနိကာယ် (၃) ကျမ်း အဋ္ဌကထာ၊ မဇ္ဈိမနိကာယ် (၃) ကျမ်း အဋ္ဌကထာ၊ သံယုတ္တနိကာယ် (၅) ကျမ်း အဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ် (၁၁) ကျမ်း အဋ္ဌကထာ၊ ခုဒ္ဒကနိကာယ် (၄၇) ကျမ်း အဋ္ဌကထာ၊ သုတ္တသင်္ဂဟအဋ္ဌကထာ၊ သာရတ္ထသင်္ဂဟ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ထေရီအပဒါန်၊ ပေဋကောပဒေသ။

### အဘိဓမ္မာအဋ္ဌကထာများ

အဘိဓမ္မာ (၇) ကျမ်း အဋ္ဌကထာ၊ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ၊ ပရမတ္ထဝိနိစ္ဆယ အဋ္ဌကထာ၊ နာမရူပ ပရိစ္ဆေဒအဋ္ဌ



ကထာ၊ အဘိဓမ္မာဝတာရ အဋ္ဌကထာ၊ ရူပါရူပဝိဘာဂ အဋ္ဌကထာ၊ ခေမာပကရဏအဋ္ဌကထာ၊ နာမစာရဒီပအဋ္ဌကထာ၊ သစ္စသံခိပ် အဋ္ဌ ကထာ။

### ဋီကာကျမ်းများ

ကင်္ခါဋီကာသစ်၊ သာရတ္ထဒီပနီဋီကာ၊ တေရသကဏ်ဋီကာ၊ ဝိမတိဋီကာ၊ သီလက္ခန်ဋီကာ၊ သုတ်မဟာဝါဋီကာ၊ ပါထေယျဋီကာ၊ ပဉ္စပကြိုဏ်ဋီကာ။

ဤကဲ့သို့ ကျနသေချာစွာ စီမံ၍ထားသော ကျောက်စာချပ် ရေ ၁၇၇၂ ချပ်နှင့် သမိုင်းစာ ၂ ချပ်၊ စုစုပေါင်း ၁၇၇၄ ချပ်ကို စန္ဒာမုနိဘုရားပရိဝုဏ်အတွင်း၌ စိုက်ထူကိုးကွယ်ထားခဲ့ပါသည်။

ဤစန္ဒာမုနိဘုရားသည် ပိဋကတ်သုံးပုံ ပါဠိတော် ကျောက် စာများရှိရာ ကုသိုလ်တော်ဘုရား၏ အနောက်တောင်ထောင့် ကိုက် တစ်ရာမျှလောက်အကွာတွင် တည်ရှိပါသည်။ ရသေ့ကြီး ဦးခန္တီသည် ပါဠိတော်နှင့် အဋ္ဌကထာများကို အလွယ်တကူ တိုက်ဆိုင်လေ့လာ နိုင်ရန် ဤသို့ အနီးကပ်၍ အဋ္ဌကာများကို စိုက်ထူပူဇော်ထားခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် အိမ်ရှေ့ ကနောင်ကိုယ်တော်ကြီး၏ သမီး တော် ရန်အောင်မြင်မြို့စားမင်းသမီး သုသီရိသင်္ခါဝတီကလည်း “မင်းတရားကြီးရဲ့ ကုသိုလ်တော်ထဲမှာ ပိဋကတ်သုံးပုံ၏ ပါဠိတော် တွေရှိရင် အိမ်ရှေ့မင်းရဲ့ဂူရှိရာ စန္ဒာမုနိဘုရားထဲမှာ အဋ္ဌကထာနဲ့ ဋီကာတွေ ထားသင့်ပါတယ်” လို့ ရသေ့ကြီးဦးခန္တီအား လျှောက်ထား တောင်းပန်သည်ဟုလည်း အဆိုရှိပါသည်။

ရသေ့ကြီး ဦးခန္တီသည် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဒုတိယ တွဲအဖြစ် ပိဋကတ်သုံးပုံ အဋ္ဌကထာနှင့် ဋီကာများကို ကျောက်ချပ်ရေ

www.burmeseclassic.com

www.burmeseclassic.com



(၁၇၇၄) ချပ် 'ဥဒေတယံ ကျောက်ချပ်အမှန်' ဆိုသော စာဆိုနှင့်အညီ အပြည့်အစုံ ထွင်းထုပူဇော်ခဲ့ပါသည်။ သို့သော် ရသေ့ကြီးသည် ကျောက်ချပ်ရေ (၈၈၃) ချပ်အပေါ်တွင်သာ အုတ်စေတီများတည်၍ မိုးလုံ လေလုံ ထားနိုင်ခဲ့ပါသည်။ ကျန်ထက်ဝက်ကျော်မျှဖြစ်သော ကျောက်စာချပ် (၈၉၁) ချပ်တို့ကိုမူ အမိုးအကာအောက်ရောက်အောင် တည်ထားခြင်း မပြုနိုင်ခဲ့ပါ။ အောက်ခံအုတ်ခုံပေါ်တွင်သာ စိုက်ထူ၍ ထားခဲ့နိုင်ပါသည်။ ဤမမွစေတီကျောက်စာ (၈၉၁) ချပ်တို့သည် နှစ်ပေါင်းများစွာ လဟာပြင်တွင် မိုးရွာလျှင်စို၊ နေပူလျှင်ခြောက် သဘာဝဘေးဒဏ်အမျိုးမျိုးနှင့် ဒုတိယကမ္ဘာစစ်၏ဒဏ်ကိုပါ ခံခဲ့ရပါသည်။ ထို့ကြောင့် ကျောက်စာချပ်များသည် တုံးလုံးလဲလျက်တစ်မျိုး ထောင်လျက်တချို့ ချုံနွယ်ပိတ်ပေါင်းအကြားတွင် မရှုမလှခံနေကြရပါသည်။

## အမိုးအကာမဲ့ ကျောက်စာများ အမိုးအကာပြုလုပ်

အချိန်ကာလနှင့် စစ်ဘေးစစ်ဒဏ်သည် အမိုးအကာမဲ့ ကျောက်စာချပ်များကိုသာမက ကျောက်ပြားများကို အမိုးအကာပြုလုပ်ထားသော အုတ်စေတီများကိုလည်း ထိခိုက်စေခဲ့ပါသည်။ ထို့ကြောင့် အုတ်ရိုးစေတီ (၉) ဆူ ပြိုကျပျက်စီးနေပါသည်။ ထို့အပြင် ပြိုအံ့ဆဲဆဲ အက်ကွဲနေသော စေတီပေါင်း (၁၁) ဆူနှင့် အက်ကြောင်းပြနေသော စေတီပေါင်း (၆၂) ဆူမျှ ရှိပါသည်။ ထိုအခြေအနေကို တွေ့ရသော အခါ ယခု စာရေးသူ ဦးအောင်သူ သည် ၁၃၄၀ (၁၉၇၈) ခုနှစ်မှစ၍ ထိုစဉ်က မန္တလေးတောင်တော်နှင့် ရသေ့ကြီး ဦးခန္တီ၏လုပ်ငန်း အဝဝကို ဆက်လက်ထိန်းသိမ်းနေသော ရဟန်းပျိုအဖွဲ့ချုပ် ဥက္ကဋ္ဌချုပ်



ဆရာတော် ဦးဇောတိကထံ ခွင့်ပန်လျှောက်ထားပြီး ကျောက်စာများ အမိုးအကာအောက်ရောက်ရန် စတင်ကြိုးစားခဲ့ပါသည်။ သို့သော် ၁၃၅၄ ခုနှစ်တိုင် (၁၄) နှစ်မျှအတွင်း ကျောက်စာစေတီ (၅) ဆူကိုသာ အမိုးအကာအောက်ရောက်အောင် ဆောင်ရွက်နိုင်၍ ထိရောက်စွာ ခရီးမပေါက်ခဲ့ပါ။ ထိုအခါ မြန်မာနိုင်ငံတစ်လွှား သာသနိက အဆောက်အဦးများစွာကို အောင်မြင်စွာ တည်စွမ်းနိုင်သော ရသေ့ကြီး ဦးခန္တီသည် သာသနာတော် အဓွန့်ရှည်ရေးအတွက် အလွန်အရေးကြီးသော ဤလုပ်ငန်းကြီးကို အဘယ့်ကြောင့် အဆုံးမသတ်နိုင်ခဲ့သလဲ? ထို့အပြင် ချပ်သင်းသူဌေး ဦးဘတင်သည် ဤလုပ်ငန်းကို ပြီးအောင် ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိသော ဆရာတော်များနှင့် ညှိနှိုင်းခဲ့ပါသေးသည်။ ထိုစဉ်က ဆရာတော်ဘုရားများက ဦးခန္တီ၏ မူလပုံစံအတိုင်း ပြုလုပ်လို၍ ချပ်သင်း ဦးဘတင်က အမိုးဆက်လျက် ကျောက်စာရုံကြီး တည်လိုပါသည်။ ဤကဲ့သို့ သဘောထား မတိုက်ဆိုင်သည့်အတွက် လုပ်ငန်းမဖြစ်ခဲ့ပါ။ ထို့နောက် တရားသူကြီးချုပ် ဦးသိန်းမောင် လာရောက်၍ ကျောက်စာချပ်များကို ပြုပြင်ထိန်းသိမ်းရန် ထီပေါက်သူများ လာရောက်ထုတ်ယူခြင်းမပြုသော ထီကျန်ငွေများမှ ဤကိစ္စအတွက် လှူရန် ဝန်ကြီးချုပ် ဦးနုထံ ခွင့်ပန်ပြီး ငွေများ လစဉ်ထောက်ပံ့ပေးခဲ့ဖူးပါသည်။ သို့သော် ဦးနု အစိုးရချုပ်ငြိမ်းသွားသောအခါ အဆိုပါ အလှူငွေလည်း ရပ်ဆိုင်းသွားခဲ့၍ တုံးလုံးပက်လက် ကျောက်စာချပ်များသည်လည်း ချုံများ ကြားတွင် မူလအတိုင်းပင် ဆက်လက်တည်ရှိနေကြပါသည်။

ဦးအောင်သူ ဆော်သြ၍ ကျောက်စာများ အမိုးအကာပြုလုပ်ရန် စီမံကြသောအခါ အသစ်တည်ဆောက်မည့် ကျောက်စာရုံပုံစံကို ညှိနှိုင်းကြရပါသေးသည်။ အချို့ဆရာတော်များက ဦးခန္တီ၏ မူလပုံစံ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြုလုပ်လိုကြပါသည်။ ထိုအခါ ဦးအောင်သူက ပြိုနေသော ဓမ္မစေတီများနှင့် ပြိုအံ့ဆဲဆဲ အက်ကွဲ၍ အုတ်များကွဲကျနေသော စေတီများကို လိုက်ပြပြီး အလုပ်လွယ် အပြင်လွယ် ဖတ်ရှုလေ့လာရန်လည်း ကျယ်ပြန့်သည့် သံကူကွန်ကရစ်လေးတိုင်စင် အမိုးပြားနှင့် ကျောက်စာရုံသေးပုံစံကို တင်ပြခဲ့ပါသည်။ ထိုပုံစံကို အများလက်ခံ၍ ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။

ဦးအောင်သူလည်း ဤသို့ ဆောင်ရွက်ရင်း ၁၄ နှစ်တိုင်တိုင် ထိရောက်စွာ အောင်မြင်မှုမရှိဘဲ မတိုးနိုင် မဆုတ်နိုင် ဖြစ်နေခဲ့ပါသည်။ ထို့ကြောင့် အကြောင်းမည်သို့ရှိသည်ကို သို့လော သို့လော တွေးတောရင်း စန္ဒာမုနိဘုရားပေါ်တွင် အိမ်ရှေ့မင်း၏ အလောင်းအုတ်ဂူ ရှိနေခြင်းသည် မင်္ဂလာနှင့်အမင်္ဂလာ တွဲနေ၍မသင့်မအပ်ဟု ခိုင်မြဲစွာ ယုံကြည်လာပါသည်။ စန္ဒာမုနိဘုရား၏ အုပ်ချုပ်မှုကိစ္စအဝဝကို ကုသိုလ်တော်ဘုရား၏ ဂေါပကလက်အောက်သို့ လွှဲပြောင်းပြီးသောအခါ ဦးအောင်သူက စန္ဒာမုနိဘုရားနှင့် ဓမ္မစေတီများကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်လိုလျှင် ရှေးဦးစွာ အိမ်ရှေ့မင်းသား၏ အုတ်ဂူကို ရှင်းသင့်ကြောင်း ဂေါပကအဖွဲ့သို့ တင်ပြခဲ့ပါသည်။ ဤတင်ပြချက်ကို ဂေါပကအဖွဲ့ဝင်အားလုံးက သဘောတူညီ၍ ဆိုင်ရာအထက်လူကြီးများထံ ခွင့်ပန်ပြီး ဘုရားရင်ပြင်တော်ပေါ်မှ အိမ်ရှေ့မင်း၏ အုတ်ဂူကို သက္ကရာဇ် ၁၃၅၄၊ နယုန်လဆန်း (၅) ရက်၊ ၂၀-၆-၉၂ စနေနေ့တွင် အငြိမ်းစား ဗိုလ်မှူးမြသောင်း ခေါင်းဆောင်သော ဂေါပကအဖွဲ့ဝင်များက ဖျက်သိမ်းရွှေ့ပြောင်းခဲ့ပါသည်။

ထို့နောက် ဂေါပကအဖွဲ့က စန္ဒာမုနိဘုရားအတွင်း၌ရှိသော ဓမ္မစေတီများ၏ ပျက်စီးမှုအခြေအနေအရပ်ရပ်ကို မင်းကွန်း တိပိဋက




ဆရာတော်ဘုရား နှင့်တကွ မန္တလေး မြို့ရှိ နိုင်ငံတော်သံဃမဟာနာယကနှင့် တိုင်း သံဃနာယက ဆရာတော်ဘုရား များ ထံသို့ တင်ပြလျှောက်ထား ခဲ့ပါသည်။ ထို့အပြင် တိုင်း မှူး နှင့်တကွ သက်ဆိုင်ရာအာဏာပိုင်များ သို့လည်း တင်ပြခဲ့ပါသည်။ ထိုတင်ပြချက်များ အရ ဒေ ဝန် ဆရာတော် ဦး ဇောတိက (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု)၊ တိုင်း ဥက္ကဋ္ဌ မြကျောင်းဆရာတော် ဦး သာသန (အဂ္ဂမဟာပဏ္ဍိတ) နှင့် ဗန် မော်ဆရာတော် ဦး ကုမာရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဝဋ္ဋသကာသိရောမဏိ ဘီအေ) တို့က တိုင်း မှူး ကို အမှီ အကာမဲ့ ပြိုပျက်နေသော ဓမ္မစေတီကျောက်စာချပ်များ အမှီအကာပြုလုပ်ရန် ဩဝါဒပေး ခဲ့ပါသည်။ ထိုဩဝါဒအရ ထိုစဉ်က အလယ်ပိုင်း တိုင်း စစ်ဌာနချုပ် တိုင်း မှူး            က ကျပ်သိန်း ၁၀၀ တိတိကို အမှီ အကာမဲ့ ဓမ္မစေတီများ ပြုပြင်ရန်အတွက် ချီးမြှင့်ပေး ခဲ့ပါသည်။ ထိုငွေအပြင် ယဉ်ကျေးမှုဝန်ကြီး ဌာနမှ ကျပ်သိန်း (၁၁၂.၈) ကိုလည်း ၃-၁-၉၅ နေ့က အလယ်ပိုင်း တိုင်း စစ်ဌာနချုပ် တိုင်း မှူး ထံသို့ ထပ်မံလွှဲအပ်ပေး ခဲ့ပါသည်။

ယင်း ပံ့ပိုး မှုကို အခြေခံ၍ ဆောက်လုပ်ရေး လုပ်ငန်း ရှင်များ ဖြစ်သော (က) ဓမ္မာအောင် ဆောက်လုပ်ရေး အဖွဲ့၊ (ခ) မျိုးဆောက်လုပ်ရေး အဖွဲ့ နှင့် (ဂ) ဦး မောင်မောင် ဆောက်လုပ်ရေး အဖွဲ့ တို့ကို တစ်ဦး လျှင် ကျောက်စာချပ်ရေအား ဖြင့် ၂၉၇ ချပ်၊ အုတ်ခုံစေတီအား ဖြင့် ၉၉ ဆူစီ ခွဲဝေ၍ ကျောက်စာတည်ရန် အုတ်ခုံများ ပြုလုပ်ခြင်း၊ ထိုအုတ်ခုံပေါ်တွင် ကျောက်စာ (၃) ချပ်စီ စိုက်၍ ၎င်း အပေါ်တွင် သံကူကွန်ကရစ်လေ တိုင်နှင့် အမိုးပြား များ ပြုလုပ်ရန် တာဝန်ချထား ပေး ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





သံကွန်ကရိအမိုးနှင့် လေးတိုင်စင် ဓမ္မစေတီများ

လုပ်ငန်း ရှင်မျာ သုံ ဦ တို့သည် ၁၃၅၄၊ တန်ဆောင်မုန်းလဆန်း (၅) ရက်၊ (၃၀ – ၁၀ – ၉၂) နေ့မှစ၍ စတင်ဆောင်ရွက်ကြရာ (၅ – ၅ – ၉၃) တွင် လုပ်ငန်း ပြီ ခဲ့ပါသည်။ အမိုး အကာမဲ့တဲ့ လုံ ပက်လက် ချုံနွယ်ပိတ်ပေါင် အကြား မှ ကျောက်စာချပ်အာ လုံ ကို မိုး လုံလေလုံ အမိုး အောက်ရောက်အောင် ဆောင်ရွက်ပြီ နောက်ရသေ့ကြီ ဦ ခန္တီလက်ထက်က ဆောက်လုပ်ခဲ့သော ဓမ္မစေတီများအနက် ပြိုလဲ၍ မြေပေါ်တွင် အုတ်ပုံဖြစ်နေသော စေတီမျာ နှင့်ပြိုအံ့ဆဲဆဲ အက်နေသော စေတီမျာ ပြိုရန် အက်ကြောင် ပြနေသောစေတီမျာ ဟူ၍ သုံ မျိုး သုံ စာ စေတီ (၁၆) ဆူမျှကို ဆက်လက်ပြုပြင် ထိန် သိမ် ရန် လိုအပ်နေပါသေ သည်။ အဆိုပါ အခြေအနေများ ကို ဂေါပကအဖွဲ့မှ တိုင် မှု နှင့်တကွ သက်ဆိုင်ရာ အာဏာပိုင်မျာ ထံသို့ ဆက်လက်တင်ပြခဲ့ပါသည်။



ဆိုင်ရာပုဂ္ဂိုလ်ကြီ မျာ သည် ဘုရာ သို့ မကြာခဏလာရောက်စစ်ဆေ ကြရုံမျှမက ၃ – ၈ – ၉၅ နေ့တွင် နိုင်ငံတော်အကြီ အကဲဗိုလ်ချုပ်မှူ ကြီ သန် ရွှေကိုယ်တိုင် ဘုရာ သို့ လာရောက်ဖူ မြော်လေ့လာပြီ စန္ဒာမုနိဘုရာ ဝင် အတွင် ရှိ ဗုဒ္ဓသာသနာတော်၏ပိဋကတ်သုံ ပုံနှင့် အဋ္ဌကထာ၊ ဋီကာမျာ ရေ ထို ထာ သော ကျောက်စာချပ်မျာ အရှည်သဖြင့် တည်တံ့အောင် ထိန် သိမ် ပြုပြင်သွာ ရန်နှင့်ဤသို့ ထိန် သိမ် ပြုပြင်ရာ၌ ရှေ မူမပျက်ပုံစဖြစ်ရန်လည်း လမ် ညွှန်ခဲ့ပါသည်။ ထိုလမ် ညွှန်မှုမျာ ကို အခြေခံပြီ ၁၉၉၅ ခု၊ အောက်တိုဘာလမှစ၍ ပြိုသောစေတီနှင့် ပြိုအံ့ဆဲဆဲစေတီ၊ စုစုပေါင် ဆူရေ ၂၀ ကိုဦ စွာပထမ ရွှေ ဟောင် သုတေသနဌာနမှ တာဝန်ယူ၍ ပြုပြင်ခဲ့ပါသည်။ ၁၉၉၉ ခု၊ မေလ (၈) ရက်သို့ရောက်သောအခါ ပြိုပြီ စေတီမျာ နှင့် ကွဲအက်စပြုသော စေတီမျာ ပါ စုစုပေါင် (၇၄) ဆူတို့ကိုသံကူကွန်ကရိနှင့် ခေါင် ပွစေတီမျာ အဖြစ် ခေတ်သစ်နည် စနစ်နှင့်ပြန်လည်ပြုပြင်တည်ဆောက်ပြီ ဖြစ်ပါသည်။ (ပြန်လည်တည်ဆောက်သော စေတီပုံစံနှင့် ခန့်မှန် တွက်ချက်မှုမျာ ကို ပူ တွဲဖော်ပြပါသည်)


ဤသို့ စေတီမျာ ကို ပြန်လည်ပြုပြင် ထိန် သိမ် သည့်လုပ်ငန် မျာ ကို ပြုလုပ်နေဆဲမှာပင် ကျို ပဲ့ပျက်စီ နေသော အောက်ပါကျောက်စာ ၂၇ ချပ်ကို ရှေ ဟောင် သုတေသနဌာနမှ ကျောက်ချပ်အသစ်ပေါ်တွင် မူရင် စာမူမျာ အတိုင် အသစ်ရေ ထွင် ပြီ ၁၉၉၉ ခု၊ စက်တင်ဘာလ (၁၇) ရက်နေ့တွင် အစာ ထို ပြန်လည်စိုက်ထူပြီ ခဲ့ပါသည်။

ဤသို့လျှင် ပြိုနေသော စေတီမျာ ၊ ပြိုရန် အက်ကြောင် ပြနေသော စေတီမျာ အာ လုံ ကို ပြုပြင်ပြီ သောအခါ လေ တိုင်စင်ကွန်ကရိ အမိုး ပြာ နှင့် တည်ထာ သော စေတီ (၁၉၇) ဆူတို့သည်

www.burmeseclassic.com




ဦးခန္တီ တည်ထားခဲ့သော စေတီများနှင့်မတူ ကွဲပြားနေပါသည်။ ၎င်းတို့ကိုလည်း ဦးခန္တီ တည်ထားခဲ့သော စေတီများကဲ့သို့ တညီတညွတ်တည်း ရှေ့မှုမပျက်ဖြစ်စေရန် ကွန်ကရိ အမိုးပြားပေါ်တွင် ကွန်ကရိနှင့် ခေါင်းပွစေတီငယ်ကလေးများကို ဆက်လက်တည်ဆောက်ခဲ့ပါသည်။ အဆိုပါစေတီ တည်ဆောက်ရန်အတွက် ၁၇–၅–၀၂ အထိ စုစုပေါင်း စေတီ ၄၀ ကျော် ပါဝင် လှူဒါန်းပြီးဖြစ်ပါသည်။



အမိုးပြားပေါ်တွင် ခေါင်းပွစေတီတည်ဆောက်





သံကူကွန်ကရီ စေတီ စနစ်ပုံ

ကောဇာသက္ကရာဇ် ၁၃၆၆ ခု (ခရစ်နှစ် ၂၀၀၄ ခု) ရောက်သောအခါ အမိုးပြန့်စေတီ ၂၉၇ ဆူအားလုံး အပေါ်တွင် အမိုးပြန့် စေတီ တည်ဆောက်ခြင်း လုပ်ငန်း ပြီးဆုံးသွားပြီ ဖြစ်ပါသည်။ ယခုအခါ ရှေးဟောင်း သုတေသနဌာန၏ ကြီးကြပ်မှုဖြင့် ခမ္မစေတီကျောက်ချပ်များကို မင်ထပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေပါသည်။ ထို့အပြင် ရှိရှိသမျှသော ခမ္မစေတီအားလုံးကို မူလအုတ်ထိများ အပေါ် ထပ်ဆင့်၍ အများပြည်သူတို့၏ အလှူငွေနှင့် ရွှေထီးများ တင်လှူထားပါ

www.burmeseclassic.com

www.burmeseclassic.com



သည့်။ အဆိုပါ ရွှေထီး ပေါင် (၇၅၈) လက်အနက် ဦး ကျော်ဝင် - ဇနီး ဒေါ်မြင့်မြင့်သန်း တို့က တစ်လက်လျှင် (၁၅၀၀၀/ - ) နှုန်း ဖြင့် ရွှေထီး ပေါင် (၂၂၀) လက်ကို စ,တင်လှူခဲ့ပါသည်။ ထို့အပြင် ဓမ္မစေတီကျောက်စာများ တည်နေရာ (က၊ ခ၊ ဂ၊ ဃ) ဟု ၄ ကွက် ရှိသည့်အနက် တစ်ကွက်စီ၏အလယ်တွင် အမြင့်ပေ (၄၀) စီရှိသော တိုင် (၆) တိုင်နှင့် မာကြူရီမီး လုံး များ လှူဒါန်း ပူဇော်ထား ပါသည်။ ဘုရား (၂) ဆူလုံး ကို တစ်ဦး တည်း အလှူရှင်အနေနှင့် အများ ဆုံး လှူဒါန်း သောပုဂ္ဂိုလ်ဟု ဆိုရပါမည်။ ထို့ကြောင့် ဦး ကျော်ဝင် ၏ အလှူဒါနများ ကို ဝမ်း မြောက်စွာ သာဓုခေါ်ဆိုရင်း ဤသမိုင်း စာကို နိဂုံး ချုပ်ပါသည်။

BURMESE CLASSIC .com

## နိဂုံး

ဤသမိုင်း စာ ရေး သား ပြုစုပြီး သော ကောဇာသက္ကရာဇ် ၁၃၆၆ ခု၊ ဝါဆိုလ။ (ခရစ်နှစ် ၂၀၀၄ ခု၊ ဇွန်လ) အထိ စန္ဒာမုနိ ဘုရား ပရဝုဏ်အတွင်း ရှိ စေတီများ နှင့်တကွ နီး နွယ်သမျှအကြောင်း သိကောင်း စရာများ ကို အများ ပြည်သူတို့ သိရှိမှတ်သား ကြည်ညိုသဒ္ဓါ ပွား စေနိုင်ရန် တင်ပြပြီး ဖြစ်ပါသည်။ နိဂုံး အနေနှင့် ထိုဘုရား အတွင်း ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်း တိုကို တင်ပြပါသည်။

(က) စန္ဒာမုနိရုပ်ပွား တော်ကို မကြာသေး သောကာလအတွင်း ရွှေသင်္ကန်း နှစ်ကြိမ်မျှ ကပ်လှူပြီး ပါပြီ။ သို့သော် အောက်ခံ ပလ္လင်တော်မှာ ရွှေများ မှေး မှိန်နေပါသည်။ (အသစ်ထပ်မံ ကပ်လှူရန် လိုနေပါသည်)။ ထိုပလ္လင်တော်ကို စီခြယ် ထား သော မှန်များ နှင့် ပန်း တမော့လက်ရာများ ကို ထိခိုက် စေခြင်း မရှိဘဲ ထပ်မံ၍ ရွှေချရန် လိုနေပါသေး သည်။



(ခ) သာသနာတော်အရှည်ခံ၍ တည်တံ့ရေးအတွက် ပိဋကတ် သုံးပုံ၊ ဓမ္မစေတီများ သန့်ရှင်းစွာ ကာလရှည်ကြာ တည်ရှိ ရေးသည် အရေးကြီးပါသည်။ ကျောက်ချပ်အားလုံး အမိုး အကာအောက် ရောက်နေသော်လည်း နေရောင်နှင့် မိုးဒဏ် ကို နှစ်ရှည်လများ ခံရသော ကျောက်စာများသည် ဖတ်ရှု မှတ်သား လေ့လာမရနိုင်လောက်အောင် မှေးမှိန်နေဆဲ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော် သံဃာတော်များနှင့် သာသနာ့ဒါယကာ မင်းနှင့်ပြည်သူ ပူးပေါင်းပြီး ကျောက်စာ များကို ဖတ်ရှုမှတ်သား လေ့လာနိုင်အောင် မင်ထပ်ဖို့ လိုပါသည်။

(ဂ) ဓမ္မစေတီကျောက်စာများကို မသမာသူများ နှောင့်ယှက် ဖျက်ဆီးမှုမပြုနိုင်ရန် ကျောက်စာချပ်များကို သံတိုင်များနှင့် ဘုရားတံတိုင်းထိအောင် ကာဖို့လိုပါသည်။ လူရော ခွေးများ ပါ အုတ်ခုံများပေါ်နှင့် အုတ်ခုံများအကြားတွင် အညစ် အကြေးစွန့်တတ်ကြပါသည်။ ထို့ကြောင့် သံတိုင်များကို ခွေးမဝင်သာအောင် မြေနှင့်ကပ်စွာ တပ်ဆင်ဖို့သင့်ပါသည်။

(ဃ) ဘုရားဂေါပကနှင့် ဘုရားဝန်ထမ်းအားလုံးတို့သည် စေတီနှင့် အုတ်ခုံများပေါ်တွင် ပေါက်ရောက်တတ်သော သစ်ပင်မျိုးစုံ ကို စတင်ပေါက်ချိန်ကပင် စဉ်ဆက်မပြတ် ထာဝရ နုတ်၍ ရှင်းလင်းသင့်ပါသည်။

(င) အရိပ်အာဝါသအတွက်ဖြစ်စေ၊ ပန်းမန်အတွက်ဖြစ်စေ သစ်ပင်ကြီးများ ဥပမာ - ခရေ၊ မယ်ဇယ်၊ ကံ့ကော် စသည် တို့ကို ဘုရားတံတိုင်းအတွင်း ဓမ္မစေတီများနှင့် ခန်းကပ်

www.burmeseclassic.com

www.burmeseclassic.com



လျက် မစိုက်သင့်ပါ။ အမြစ်ကြီးမထွက်သော သေးငယ်သည့် ပင်ပျော့ပန်းပင်များသာ စိုက်သင့်ပါသည်။ သစ်ပင်ကြီးတို့၏ အမြစ်များသည် အုတ်ခုံနှင့် စေတီများကို မြေမှ လျှောက်၍ အချိန်ရှိသမျှ တားမနိုင် ဆီးမရသောအားနှင့် ဖြိုဖျက်တတ်ပါသည်။

(စ) သာမန်ပြည်သူတို့သည် ပိဋကတ်တော်ကျောက်စာ ဓမ္မစေတီများကို ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတို့ကဲ့သို့ ရှိခိုးကော်ရော် ဖူးမြော်မာန်လျှော့ ကန်တော့ထိုက်သည့်စေတီဖြစ်သည်ဟု ခံယူမှုမရှိတတ်ပါ။ စာတစ်လုံး ဘုရားတစ်ဆူဖြစ်သည်ဟူသော ရှေးစကားအတိုင်း ပိဋကတ်တို့သည် ဘုရားဖြစ်သည်ဟု သဘောမပေါက်ကြပါ။ ထို့ကြောင့် သာသနာတော် အဓွန့်ရှည်စွာတည်ရေးအတွက် ကျောက်စာစေတီများ၏ အရေးပါမှုကို သိကြစေရန် တစ်နှစ်လျှင် တစ်ကြိမ်ကျ ကျောက်စာတစ်ချပ် ဆီမီးတစ်တိုင် ထွန်းညှိ၍ ဓမ္မပူဇာ ဆီမီးပူဇော်ပွဲ နှစ်စဉ် ထာဝရကျင်းပဖို့ လိုပါသည်။

ဤသည်တို့မှာ စာရေးသူသည် စန္ဒာမုနိ ဓမ္မစေတီများမှစ၍ မြန်မာနိုင်ငံတစ်လွှားရှိ ပိဋကတ်သုံးပုံကျောက်စာများအကြား အနှစ် (၂၀) ကျော် လေ့လာမှတ်သား ထိန်းသိမ်းစောင့်ရှောက်ရန် ကြိုးစားဆောင်ရွက်မှု အတွေ့အကြုံများအရ သာသနာ့အကျိုး လိုလားသူများ ဆက်လက်ဆောင်ရွက်သင့်သည်တို့ကို တင်ပြခြင်း ဖြစ်ပါသည်။

ဤသမိုင်းစာကို ဦးအောင်သူ (ဗမာ့လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်) သည် ၎င်းအသက် (၈၀) ပြည့်သော ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တော်သလင်းလပြည့်ကျော် (၆) ရက် (၁၉-၉-၂၀၀၀) နေ့တွင် မန္တလေးမြို့၌ ရေးသားပြုစုပြီးပါသည်။



ဤသမိုင်းစာကို ပြုစုရာတွင် အပတ်တကုတ် ကြိုးစားအားထုတ် ကူညီပေးသော ဂေါပကအဖွဲ့ဝင် ဦးမောင်ညိုအား လည်းကောင်း၊ အမရပူရ-အင်းဝ အစရှိသော မြို့များသို့ စေတနာထက်သန်စွာ ကားနှင့်ပို့ပြီး လိုအပ်သော အကူအညီကိုပေးသူ ကျောက်ဆစ်ပန်းပညာရှင် ဦးညီသန်း အားလည်းကောင်း၊ စာမူကြမ်းများကို ဝိုင်းဝန်းဖတ်ရှု၍ ဝေဖန်ခြင်း၊ အချက်အလက်များ ဖြည့်စွက်ခြင်းပြုကြသော ဂေါပကအဖွဲ့ဝင်များအားလည်းကောင်း၊ သမိုင်းအကြောင်းအရာများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းရာတွင် စိတ်ရှည်လက်ရှည်ဖြေကြားကူညီပေးသော ပညာရှင်များအားလည်းကောင်း ဤသမိုင်းစာအုပ် ဖြစ်ပေါ်ရေးအတွက် ကျေးဇူးကြီးလှပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

*“ဗုဒ္ဓမြတ်စွာ သာသနာ ကမ္ဘာကပ်ဆုံး တည်ပါစေ …”*

www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းကိုးစာရင်း


| | |
|---|---|
| ၁။ ကန်မြို့ စစ်ကဲမင်းထင်ရာဇာ | မန္တလေးရတနာပုံ မဟာရာဇဝင်တော်ကြီး မန္တလေးတိုင်း သတင်းစာတိုက်မှ သက္ကရာဇ် ၁၂၅၃ ခု ထုတ်။ |
| ၂။ နယ်ပိုင်ဝန်ထောက်မင်း ဦးမောင်မောင်တင် (ကေအက်စ်အမ်ကေတီအမ်) | ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ဒုတိယနှင့် တတိယတွဲ သက္ကရာဇ် ၁၂၆၃ ခု ထုတ်။ |
| ၃။ ယင်းခဲမောင်မောင် | မန္တလေးတောင်တော်သမိုင်း မန္တလေးတောင်တော် ဝိဋကတ် စာပုံနှိပ်တိုက်၊ ၁၂၉၅ ခု ထုတ်။ |
| ၄။ ပါမောက္ခ ဒေါက်တာ သန်းထွန်း | မြန်မာရက်စွဲသမိုင်းစာအုပ် ၁၉၆၉ ခု၊ ဖေဖော်ဝါရီလထုတ်။ |
| ၅။ စည်သူဦးမောင်မောင်ကျော် | မန္တလေး မြို့တည်နန်းတည် စာတမ်း ရတနာဒီပံစာပုံနှိပ်တိုက်၊ ၁၃၂၁ ခု ထုတ်။ |
| ၆။ အင်ရုံရှာစားဝန်ကြီး ဦးနာ | လောကဗျူဟာကျမ်း (အင်ရုံစာတမ်း) ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာ့ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုဌာနစိတ်မှ ၁၉၅၈ ခု ထုတ်။ |
| ၇။ ရွှေကိုင်းသား | မန္တလေး အနှစ်တစ်ရာပြည့် ၁၃၂၁ ခု။ |
| ၈။ ဘဒ္ဒန္တဇောတိကာဘိဝံသ သီရိပဝရမ္မောစရိယ ပရိယတ္တိသာသနာ့ဟိတ မ္မောစရိယ၊ ဥတ္တရမဇ္ဈေ၊ ဘုံဘေ | မန္တလေးတောင်တော်သမိုင်းသစ် ရန်ကုန်မြို့၊ ၄၃ ပုံနှိပ်တိုက်ထုတ် ၁၃၆၄ ခု။ |





| | |
|---|---|
| ၉။ သုတေသီ ဦးညာဏ် | ရတနာပူရ ရွှေအင်းဝမြို့ စန္ဒာမုနိ (ခေါ်) အင်းဝမဟာမြတ်မုနိဘုရားကြီးသမိုင်း နန္ဒဝံပုံနှိပ်တိုက်။ |
| ၁၀။ လူထုဒေါ်အမာ | ကမ္ဘာ့အကြီးဆုံးစာအုပ် မန္တလေးမြို့ လူထုပုံနှိပ်တိုက်၊ ၁၉၇၃ ခု ထုတ်။ |
| ၁၁။ လူထုဒေါ်အမာ | ကျွန်မတို့မန္တလေးက မန္တလေးတောင် |
| ၁၂။ လူထုဒေါ်အမာ | ကျွန်မတို့မန္တလေး |
| ၁၃။ စစ်ကိုင်း ဦးညွန့်ရင် | မန္တလေး ဘုရားစုံသမိုင်း |
| ၁၄။ တိုက်အုပ်ဆရာတော် အရှင်သုရိယာဘိဝံသ ပရိယတ္တိသာသနာဟိတမ္မောစရိယ | ငွေတောင်တိုက်ဆရာတော်၏ မဟာထေရုပ္ပတ္တိ ဝိဘာဂနီ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၂၉၃ ခု ထုတ်။ |
| ၁၅။ ဒဂုန်ခင်ခင်လေး | ဝန်ထောက် ဝက်မစွတ်မြို့စား မင်းကြီး မင်းထင် မဟာစည်သူ အတ္ထုပ္ပတ္တိနှင့် နေ့စဉ်မှတ်တမ်းများ |
| ၁၆။ ရွှေဘိုမိမိကြီး | ယောအတွင်းဝန် ဦးဖိုးလှိုင်၏ အတ္ထုပ္ပတ္တိ |


■

www.burmeseclassic.com

www.burmeseclassic.com



## လူတွေ့ဆွေးနွေးခဲ့သော ပုဂ္ဂိုလ်များ

၁။ တောင်ထီးလင်းတိုက် ဆရာတော် ဦးဇောတိကလေး

၂။ အငြိမ်းစား သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း

၃။ အငြိမ်းစား မြန်မာစာကထိက သမိုင်းသုတေသီ
ဦးမောင်မောင်တင် (အမ်အေ)

၄။ ဆရာတော် ဦးသုတလက်ာရ၊ သီရိပဝရဓမ္မာစရိယ (ဘီအေ)
သမိုင်းသုတေသီ မြင်းဝန်တိုက်

၅။ သမိုင်းသုတေသီ ဦးညဏ် (ဘီအေ)

၆။ စာရေးဆရာမကြီး လူထုဒေါ်အမာ

၇။ သမိုင်းသုတေသီ ပန်းပညာရှင် တမ္ပဝတီ ဦးဝင်းမောင်

၈။ ဗန်းမော်ဆရာတော်

၉။ ဆရာတော် ဦးကေသဝ
(မန္တလေးတိုင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း)

၁၀။ ပေဒင်ဆရာကြီး ဦးကံရှိန် (ဘီအက်စ်စီ)
အငြိမ်းစား ကျန်းမာရေးဝန်ထမ်း

၁၁။ ဦးညဏ်ရီ (ဓမ္မာစရိယ၊ ဘီအေ)
အငြိမ်းစား တိုင်းသာသနာရေးဦးစီးမှူး

■



### နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိဘုရားအတွင်းရှိ

### ပိဋကတ်သုံးပုံ အဋ္ဌကထာနှင့် ဋီကာကျောက်စာများ

# မာတိကာ

သာသနာသက္ကရာဇ် ၂၄၅၇ ၊ ကောဇာ ၁၂၇၅ ၊ ခရစ် ၁၉၁၃ စတင်ပူဇော်သည်

## အကွက် (က) တနင်္ဂနွေထောင့်

| စဉ် | သုတ်တော်အမည် | စေတီနံပါတ် | | ကျောက်ချပ်နံပါတ် | | ကျောက်ချပ်ရေ |
|---|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ | |
| | ဝိနည်းပိဋက | | | | | |
| ၁။ | ကင်္ခါဝိတရဏီအဋ္ဌကထာပါဠိ | ၁ | ၁၇ | ၁ | ၁၇ | ၁၇ |
| ၂။ | ပါရာဇိကဏ်အဋ္ဌကထာပါဠိ | ၁၈ | ၆၀ | ၁ | ၄၃ | ၄၃ |
| ၃။ | ပါစိတ်အဋ္ဌကထာပါဠိ | ၆၁ | ၆၆ | ၁ | ၁၀ | ၁၀ |
| ၄။ | ဘိက္ခုနီပါစိတ်အဋ္ဌကထာပါဠိ | ၆၇ | ၆၇ | ၁ | ၂ | ၂ |
| ၅။ | မဟာဝါအဋ္ဌကထာပါဠိ | ၆၇ | ၇၀ | ၁ | ၁၂ | ၁၂ |
| ၆။ | စူဠဝါအဋ္ဌကထာပါဠိ | ၇၀ | ၇၄ | ၁ | ၈ | ၈ |
| ၇။ | ပရိဝါအဋ္ဌကထာပါဠိ | ၇၄ | ၇၆ | ၁ | ၇ | ၇ |
| | ဝိနည်းစုစုပေါင်း | | | | | ၉၉ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | သုတ်တော်အမည် | စေတီ နံပါတ် | | ကျောက်ချပ် နံပါတ် | | ကျောက်ချပ်ရေ |
|---|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ | |
| | **သုတ္တန်ပိဋက** | | | | | |
| ၈။ | သီလက္ခန်အဋ္ဌကထာပါဠိ | ၇၆ | ၈၃ | ၁ | ၂၀ | ၂၀ |
| ၉။ | မဟာဝါအဋ္ဌကထာပါဠိ | ၈၃ | ၉၁ | ၁ | ၂၅ | ၂၅ |
| ၁၀။ | ပါထေယျအဋ္ဌကထာပါဠိ | ၉၁ | ၉၆ | ၁ | ၁၄ | ၁၄ |
| ၁၁။ | မူလပဏ္ဏာသအဋ္ဌကထာပါဠိ | ၉၆ | ၁၁၀ | ၁ | ၄၄ | ၄၄ |
| ၁၂။ | မဇ္ဈိမပဏ္ဏာသအဋ္ဌကထာပါဠိ | ၁၁၁ | ၁၁၇ | ၁ | ၂၀ | ၂၀ |
| ၁၃။ | ဥပရိပဏ္ဏာသအဋ္ဌကထာပါဠိ | ၁၁၇ | ၁၂၂ | ၁ | ၁၆ | ၁၆ |
| ၁၄။ | သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာပါဠိ | ၁၂၃ | ၁၂၉ | ၁ | ၁၉ | ၁၉ |
| ၁၅။ | နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာပါဠိ | ၁၂၉ | ၁၃၃ | ၁ | ၁၃ | ၁၃ |
| ၁၆။ | ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာပါဠိ | ၁၃၃ | ၁၃၅ | ၁ | ၅ | ၅ |
| ၁၇။ | သဠာယတနဝဂ္ဂသံယုတ် အဋ္ဌကထာပါဠိ | ၁၃၅ | ၁၃၈ | ၁ | ၉ | ၉ |
| ၁၈။ | မဟာဝဂ္ဂသံယုတ် အဋ္ဌကထာပါဠိ | ၁၃၈ | ၁၄၁ | ၁ | ၁၀ | ၁၀ |
| ၁၉။ | ဧကင်္ဂုတ္တရအဋ္ဌကထာပါဠိ | ၁၄၁ | ၁၅၀ | ၁ | ၂၈ | ၂၈ |
| ၂၀။ | ဒုကင်္ဂုတ္တရအဋ္ဌကထာပါဠိ | ၁၅၀ | ၁၅၂ | ၁ | ၄ | ၄ |
| ၂၁။ | တိကင်္ဂုတ္တရအဋ္ဌကထာပါဠိ | ၁၅၂ | ၁၅၅ | ၁ | ၁၁ | ၁၁ |
| ၂၂။ | စတုက္ကင်္ဂုတ္တရအဋ္ဌကထာပါဠိ | ၁၅၆ | ၁၅၈ | ၁ | ၉ | ၉ |



| စဉ် | သုတ်တော်အမည် | စေတီ နံပါတ် | | ကျောက်ချပ် နံပါတ် | | ကျောက်ချပ်ရေ |
|---|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ | |
| ၂၃။ | ပဉ္စကင်္ဂုတ္တရအဋ္ဌကထာပါဠိ | ၁၅၉ | ၁၆၀ | ၁ | ၄ | ၄ |
| ၂၄။ | ဆက္ကင်္ဂုတ္တရအဋ္ဌကထာပါဠိ | ၁၆၀ | ၁၆၁ | ၁ | ၃ | ၃ |
| ၂၅။ | သတ္တကင်္ဂုတ္တရအဋ္ဌကထာပါဠိ | ၁၆၁ | ၁၆၂ | ၁ | ၃ | ၃ |
| ၂၆။ | အဋ္ဌကင်္ဂုတ္တရအဋ္ဌကထာပါဠိ | ၁၆၂ | ၁၆၃ | ၁ | ၄ | ၄ |
| ၂၇။ | နဝင်္ဂုတ္တရအဋ္ဌကထာပါဠိ | ၁၆၃ | ၁၆၄ | ၁ | ၂ | ၂ |
| ၂၈။ | ဒသကင်္ဂုတ္တရအဋ္ဌကထာပါဠိ | ၁၆၄ | ၁၆၅ | ၁ | ၃ | ၃ |
| ၂၉။ | ဧကာဒသကင်္ဂုတ္တရအဋ္ဌကထာပါဠိ | | ၁၆၅ | ၁ | ၁ | ၁ |
| ၃၀။ | ခုဒ္ဒကပါဌ အဋ္ဌကထာပါဠိ | ၁၆၅ | ၁၇၀ | ၁ | ၁၄ | ၁၄ |
| ၃၁။ | ဓမ္မပဒ အဋ္ဌကထာပါဠိ | ၁၇၀ | ၁၈၉ | ၁ | ၅၉ | ၅၉ |
| ၃၂။ | ဥဒါန်းအဋ္ဌကထာပါဠိ | ၁၉၀ | ၁၉၄ | ၁ | ၁၅ | ၁၅ |
| | သုတ္တန်စုစုပေါင်း | | | | | ၃၅၅ |

အကွက် (၁) တနင်္ဂနွေထောင့်မှ ကျောက်ချပ်ရေပေါင်း

(က) ဝိနည်းပိဋကစုစုပေါင်း ၉၉ ချပ်
(ခ) သုတ္တန်ပိဋကစုစုပေါင်း ၃၅၅ ချပ်

ကျောက်ချပ်ရေ စုစုပေါင်း ၄၅၄ ချပ်

www.burmeseclassic.com

www.burmeseclassic.com



## အကွက် (ခ) အင်္ဂါထောင့် သုတ္တန်ပိဋက

| စဉ် | သုတ်တော်အမည် | စေတီ နံပါတ် | | ကျောက်ချပ် နံပါတ် | | ကျောက်ချပ်ပေါင်း |
|---|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ | |
| ၁။ | ဣတိဝုတ္တအဋ္ဌကထာပါဠိ | ၁ | ၂၅ | ၁ | ၂၅ | ၂၅ |
| ၂။ | သုတ္တနိပါတ်အဋ္ဌကထာပါဠိ | ၂၆ | ၆၆ | ၁ | ၄၃ | ၄၃ |
| ၃။ | ဝိမာနဝတ္ထုအဋ္ဌကထာပါဠိ | ၆၆ | ၇၂ | ၁ | ၁၈ | ၁၈ |
| ၄။ | ပေတဝတ္ထုအဋ္ဌကထာပါဠိ | ၇၂ | ၇၇ | ၁ | ၁၅ | ၁၅ |
| ၅။ | ထေရဂါထာအဋ္ဌကထာပါဠိ | ၇၇ | ၉၉ | ၁ | ၆၆ | ၆၆ |
| ၆။ | ထေရီဂါထာအဋ္ဌကထာပါဠိ | ၉၉ | ၁၀၉ | ၁ | ၂၉ | ၂၉ |
| ၇။ | ဧကနိပါတ်ဇာတ်အဋ္ဌကထာပါဠိ | ၁၀၉ | ၁၂၂ | ၁ | ၃၉ | ၃၉ |
| ၈။ | ဒုကနိပါတ်ဇာတ်အဋ္ဌကထာပါဠိ | ၁၂၂ | ၁၂၇ | ၁ | ၁၆ | ၁၆ |
| ၉။ | တိကနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၂၇ | ၁၃၁ | ၁ | ၁၁ | ၁၁ |
| ၁၀။ | စတုက္ကနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၃၁ | ၁၃၄ | ၁ | ၉ | ၉ |
| ၁၁။ | ပဉ္စကနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၃၄ | ၁၃၅ | ၁ | ၄ | ၄ |
| ၁၂။ | ဆက္ကနိပါတ်အဋ္ဌကထာပါဠိ | ၁၃၅ | ၁၃၇ | ၁ | ၅ | ၅ |
| ၁၃။ | သတ္တကနိပါတ်အဋ္ဌကထာပါဠိ | ၁၃၇ | ၁၃၉ | ၁ | ၆ | ၆ |
| ၁၄။ | အဋ္ဌကနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၃၉ | ၁၄၀ | ၁ | ၄ | ၄ |
| ၁၅။ | နဝကနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၄၀ | ၁၄၁ | ၁ | ၄ | ၄ |
| ၁၆။ | ဒသကနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၄၂ | ၁၄၃ | ၁ | ၆ | ၆ |
| ၁၇။ | ဧကာဒသကနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၄၄ | ၁၄၅ | ၁ | ၅ | ၅ |
| ၁၈။ | ဒွါဒသကနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၄၅ | ၁၄၆ | ၁ | ၄ | ၄ |
| ၁၉။ | တေရသကနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၄၆ | ၁၄၈ | ၁ | ၅ | ၅ |
| ၂၀။ | ပကိဏ္ဏကနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၄၈ | ၁၅၀ | ၁ | ၇ | ၇ |
| ၂၁။ | ဝီသတိနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၅၀ | ၁၅၃ | ၁ | ၉ | ၉ |
| ၂၂။ | တိံသတိနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၅၃ | ၁၅၆ | ၁ | ၈ | ၈ |
| ၂၃။ | စတ္တာလီသနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၅၆ | ၁၅၈ | ၁ | ၆ | ၆ |
| ၂၄။ | ပဏ္ဏာသနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၅၈ | ၁၅၉ | ၁ | ၄ | ၄ |
| ၂၅။ | သဋ္ဌိနိပါတ်ဇာတ်အဋ္ဌကထာပါဠိ | ၁၅၉ | ၁၆၀ | [illegible] | ၂ | ၂ |

www.burmeseclassic.com

| စဉ် | သုတ်တော်အမည် | စေတီ နံပါတ် မှ | စေတီ နံပါတ် ထိ | ကျောက် ချပ် နံပါတ် မှ | ကျောက် ချပ် နံပါတ် ထိ | ကျောက်ချပ်ရေ |
|---|---|---|---|---|---|---|
| ၂၆။ | သတ္တတိနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၆၀ | ၁၆၁ | ၁ | ၄ | ၄ |
| ၂၇။ | အသီတိနိပါတ်ဇာတ် အဋ္ဌကထာပါဠိ | ၁၆၁ | ၁၆၆ | ၁ | ၁၄ | ၁၄ |
| ၂၈။ | တေမိဇာတ်တော် | ၁၆၆ | ၁၆၉ | ၁ | ၂ | ၂ |
| ၂၉။ | မဟာဇနက္ကအဋ္ဌကထာ | ၁၆၇ | ၁၆၇ | ၁ | ၂ | ၂ |
| ၃၀။ | သုဝဏ္ဏသာမဇာတ် | ၁၆၇ | ၁၆၇ | ၁ | ၁ | ၁ |
| ၃၁။ | နေမိဇာတ် | ၁၆၈ | ၁၆၈ | ၁ | ၂ | ၂ |
| ၃၂။ | မဟောသဓဇာတ် | ၁၆၈ | ၁၇၂ | ၁ | ၁၃ | ၁၃ |
| ၃၃။ | ဘူရိဒတ္တဇာတ် | ၁၇၃ | ၁၇၄ | ၁ | ၄ | ၄ |
| ၃၄။ | စန္ဒကုမာရဇာတ် | ၁၇၄ | ၁၇၅ | ၁ | ၃ | ၃ |
| ၃၅။ | နာရဒဇာတ် | ၁၇၅ | ၁၇၅ | ၁ | ၂ | ၂ |
| ၃၆။ | ဝိဓူရဇာတ် | ၁၇၆ | ၁၇၇ | ၁ | ၅ | ၅ |
| ၃၇။ | ဝေဿန္တရာဇာတ် | ၁၇၇ | ၁၈၀ | ၁ | ၈ | ၈ |
| ၃၈။ | မဟာနိဒ္ဒေသအဋ္ဌကထာ | ၁၈၀ | ၁၉၁ | ၁ | ၃၄ | ၃၄ |
| ၃၉။ | စူဠနိဒ္ဒေသအဋ္ဌကထာ | ၁၉၁ | ၁၉၄ | ၁ | ၁၀ | ၁၀ |
| | စုစုပေါင်း: | | | | | ၈၄ |
| | စုစုပေါင်း: | | | | | ၃၇၀ |
| | သုတ္တန်ကျောက်စာချပ်ရေပေါင်း: | | | | | ၄၅၄ |



## အကွက် (ဂ) စနေထောင့် သုတ္တန် နှင့် ဝိနည်းပိဋက

| စဉ် | သုတ်တော်အမည် | စေတီ နံပါတ် မှ | စေတီ နံပါတ် ထိ | ကျောက် ချပ် နံပါတ် မှ | ကျောက် ချပ် နံပါတ် ထိ | ကျောက်ချပ်ရေ |
|---|---|---|---|---|---|---|
| ၁။ | ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပါဠိ | ၁ | ၅၈ | ၁ | ၅၈ | ၅၈ |
| ၂။ | အပါဒါန် | ၅၉ | ၇၂ | ၁ | ၃၇ | ၃၇ |
| ၃။ | ထေရအပါဒါန် | ၇၂ | ၇၇ | ၃၈ | ၅၂ | ၁၅ |
| ၄။ | ဗုဒ္ဓဝံသ | ၇၇ | ၈၇ | ၁ | ၃၀ | ၃၀ |
| ၅။ | စရိယပိဋက | ၈၇ | ၉၆ | ၁ | ၂၈ | ၂၈ |
| ၆။ | နေတ္တိ | ၉၇ | ၁၀၅ | ၁ | ၂၅ | ၂၅ |
| ၇။ | သုတ္တသင်္ဂဟ | ၁၀၅ | ၁၁၃ | ၁ | ၂၅ | ၂၅ |
| ၈။ | သာရတ္ထသင်္ဂဟ | ၁၁၃ | ၁၂၃ | ၁ | ၂၉ | ၂၉ |
| ၉။ | ဝိသုဒ္ဓိမဂ် | ၁၂၃ | ၁၄၂ | ၁ | ၅၉ | ၅၉ |
| | သုတ္တန်စုစုပေါင်း: | | | | | ၃၀၆ |
| | **ဝိနည်းပိဋက** | | | | | |
| ၁၀။ | ဝိနယသင်္ဂဟအဋ္ဌကထာပါဠိ | ၁၄၃ | ၁၅၆ | ၁ | ၄၁ | ၄၁ |
| ၁၁။ | ဝိနယသခေ်ပ | ၁၅၆ | ၁၆၅ | ၁ | ၂၇ | ၂၇ |
| ၁၂။ | ဝိနယဝိနိစ္ဆယ | ၁၆၅ | ၁၇၀ | ၁ | ၁၅ | ၁၅ |
| ၁၃။ | ဥတ္တရဝိနိစ္ဆယ | ၁၇၀ | ၁၇၁ | ၁ | ၄ | ၄ |
| ၁၄။ | ခုဒ္ဒသိက္ခာ | ၁၇၂ | ၁၇၂ | ၁ | ၂ | ၂ |
| ၁၅။ | မူလသိက္ခာ | ၁၇၂ | ၁၇၂ | ၁ | | ၁ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | သုတ်တော်အမည် | စေတီနံပါတ် | | ကျောက်ချပ်နံပါတ် | | ကျောက်ချပ်ရေ |
|---|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ | |
| ၁၆။ | သီလာဝဟာ | ၁၇၃ | ၁၈၀ | ၁ | ၂၄ | ၂၄ |
| ၁၇။ | သိက္ခာပဒဝဋ္ဋနဲ | ၁၈၁ | ၁၈၂ | ၁ | ၆ | ၆ |
| ၁၈။ | နိပုဏာပဒသင်္ဂဟ | ၁၈၃ | ၁၈၄ | ၁ | ၄ | ၄ |
| ၁၉။ | သိမာလင်္ကာရ | | ၁၈၄ | | ၁ | ၁ |
| ၂၀။ | မြန်မာသင်ပုန်းကြီး | | ၁၈၄ | | ၁ | ၁ |
| | ဝိနည်းစုစုပေါင်း | | | | | ၁၂၆ |

အကွက် (ဂ) စနေထောင့်ရှိ ကျောက်ချပ်ရေပေါင်း

(က) သုတ္တန်စုစုပေါင်း ၃၀၆ ချပ်

(ခ) ဝိနည်း စုစုပေါင်း ၁၂၆ ချပ်

ကျောက်ချပ်ရေ စုစုပေါင်း ၄၃၂ ချပ်

မှတ်ချက်။ ။ ထေရီအပဒါန်အဋ္ဌကထာကို အကွက် (ဃ) ရာဟုထောင့် စေတီနံပါတ် (၁၈၂ မှ ၁၈၄) ထိတွင် ရှိသည်။



# အကွက် (ဃ) ရာဟုထောင့်
# အဘိဓမ္မာ အဋ္ဌကထာဝိနည်းနှင့် သုတ္တန်ဋီကာများ

| စဉ် | သုတ်တော်အမည် | စေတီနံပါတ် | | ကျောက်ချပ်နံပါတ် | | ကျောက်ချပ်ရေ |
|---|---|---|---|---|---|---|
| | | မှ | ထိ | မှ | ထိ | |
| ၁။ | အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ | ၁ | ၃၁ | ၁ | ၃၁ | ၃၁ |
| ၂။ | သမ္မောဟဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာ | ၃၂ | ၆၂ | ၁ | ၃၅ | ၃၅ |
| ၃။ | ပဥ္စပကြိုဏ်မည်သော ဓာတုအဋ္ဌကထာ | ၆၃ | ၆၃ | ၁ | | ၁ |
| ၄။ | ပုဂ္ဂလပညတ္တိအဋ္ဌကထာ | ၆၃ | ၆၅ | ၁ | ၆ | ၆ |
| ၅။ | ပဥ္စပကြိုဏ်မည်သောကထာ ဝတ္ထုအဋ္ဌကထာ | ၆၅ | ၆၈ | ၁ | ၁၁ | ၁၁ |
| ၆။ | ပဥ္စပကြိုဏ်မည်သောယမက အဋ္ဌကထာ | ၆၉ | ၇၀ | ၁ | ၄ | ၄ |
| ၇။ | ပဋ္ဌာန်းအဋ္ဌကထာ | ၇၀ | ၇၃ | ၁ | ၁၀ | ၁၀ |
| ၈။ | အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ | ၇၃ | ၇၄ | ၁ | ၄ | ၄ |
| ၉။ | ပရမတ္ထဝိနိစ္ဆယအဋ္ဌကထာ | ၇၅ | ၇၆ | ၁ | ၅ | ၅ |
| ၁၀။ | နာမရူပပရိစ္ဆေဒအဋ္ဌကထာ | ၇၆ | ၇၉ | ၁ | ၈ | ၈ |
| ၁၁။ | အဘိဓမ္မာဝတာရအဋ္ဌကထာ | ၇၉ | ၈၂ | ၁ | ၁၀ | ၁၀ |
| ၁၂။ | ရူပဝိဘာဂအဋ္ဌကထာ | ၈၂ | ၈၃ | ၁ | ၄ | ၄ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | သုတ်တော်အမည် | စေတီနံပါတ် မှ | စေတီနံပါတ် ထိ | ကျောက်ချပ်နံပါတ် မှ | ကျောက်ချပ်နံပါတ် ထိ | ကျောက်ချပ်ရေ |
|---|---|---|---|---|---|---|
| ၁၃။ | ရူပါရူပဝိဘာဂ အဋ္ဌကထာ | ၈၄ | ၈၄ | ၁ | | ၁ |
| ၁၄။ | ခေမာပကရဏ အဋ္ဌကထာ | ၈၄ | ၈၄ | ၁ | ၂ | ၂ |
| ၁၅။ | နာမစာရဒီပကအဋ္ဌကထာ | ၈၅ | ၈၅ | ၁ | ၂ | ၂ |
| ၁၆။ | သစ္စသံခိပ်အဋ္ဌကထာ | ၈၅ | ၈၆ | ၁ | ၂ | ၂ |
| | အဘိဓမ္မာစုစုပေါင်း | | | | | ၁၃၆ |
| | **ဝိနည်းဋီကာ** | | | | | |
| ၁၇။ | ကင်္ခါဝိတရဏီဋီကာသစ် | ၈၆ | ၉၃ | ၁ | ၂၂ | ၂၂ |
| ၁၈။ | သာရတ္ထဒီပကဋီကာ | ၉၃ | ၁၀၈ | ၁ | ၄၆ | ၄၆ |
| ၁၉။ | တေရသကဏ်ဋီကာ | ၁၀၉ | ၁၂၀ | ၁ | ၃၆ | ၃၅ |
| ၂၀။ | ဝိမတိဝိနောဒနီဋီကာ | ၁၂၁ | ၁၃၂ | ၁ | ၃၆ | ၃၆ |
| ၂၁။ | ဝဇီရဗုဒ္ဓိဋီကာ | ၁၃၃ | ၁၄၃ | ၁ | ၃၀ | ၃၀ |
| | ဝိနည်းဋီကာစုစုပေါင်း | | | | | ၁၇၀ |
| | **သုတ္တန်ဋီကာ** | | | | | |
| ၂၂။ | သီလက္ခန်ဋီကာဟောင်း | ၁၄၃ | ၁၅၀ | ၁ | ၂၃ | ၂၃ |
| ၂၃။ | သုတ်မဟာဝါဋီကာ | ၁၅၀ | ၁၅၇ | ၁ | ၂၀ | ၂၀ |
| ၂၄။ | ပါထေယဋီကာ | ၁၅၇ | ၁၆၂ | ၁ | ၁၆ | ၁၆ |
| | သုတ္တန်ဋီကာပေါင်း | | | | | ၁၉ |



| စဉ် | သုတ်တော်အမည် | စေတီနံပါတ် မှ | စေတီနံပါတ် ထိ | ကျောက်ချပ်နံပါတ် မှ | ကျောက်ချပ်နံပါတ် ထိ | ကျောက်ချပ်ရေ |
|---|---|---|---|---|---|---|
| | **အဘိဓမ္မာဋီကာ** | | | | | |
| ၂၅။ | ဓမ္မသင်္ဂဏီဋီကာ | ၁၆၂ | ၁၆၆ | ၁ | ၁၁ | ၁၁ |
| ၂၆။ | ဝိဘင်းမူလဋီကာ | ၁၆၆ | ၁၇၀ | ၁ | ၁၂ | ၁၂ |
| ၂၇။ | ပဋ္ဌာန်းမူလဋီကာ | ၁၇၀ | ၁၇၃ | ၁ | ၁၁ | ၁၁ |
| | အဘိဓမ္မာဋီကာစုစုပေါင်း | | | | | ၃၄ |
| | **သုတ္တန်ပိဋကအဋ္ဌကထာ** | | | | | |
| ၂၈။ | ပေတကောပဒေသအဋ္ဌကထာ | ၁၇၄ | ၁၈၂ | ၁ | ၂၅ | ၂၅ |
| ၂၉။ | ထေရီအပဒါန် | ၁၈၂ | ၁၈၄ | ၁ | ၈ | ၈ |
| | သုတ္တန်ပိဋကအဋ္ဌကထာ | | | | | ၃၃ |

အကွက် (ဃ) ရာဟုထောင့်မှ ကျောက်စာချပ်ရေများ

(က) အဘိဓမ္မာ ပိဋကတ် အဋ္ဌကထာစုစုပေါင်း ၁၃၆ ချပ်
(ခ) သုတ္တန် ပိဋကတ် အဋ္ဌကထာစုစုပေါင်း ၃၃ ချပ်
(ဂ) ဝိနည်း ပိဋကတ် ဋီကာ စုစုပေါင်း ၁၇၀ ချပ်
(ဃ) သုတ္တန် ပိဋကတ် ဋီကာ စုစုပေါင်း ၆၉ ချပ်
(င) အဘိဓမ္မာ ပိဋကတ် ဋီကာ စုစုပေါင်း ၃၄ ချပ်

စုစုပေါင်း ၄၄၂ ချပ်

www.burmeseclassic.com

www.burmeseclassic.com

## စန္ဒာမုနိဘုရားပရိဝုဏ်အတွင်းရှိ ပိဋကတ်တော် ကျောက်စာများ စာရင်းချုပ်

| အမျိုးအစား | အဋ္ဌကထာ ကျောက်ချပ်ရေ | ဋီကာ ကျောက်ချပ်ရေ | စုစုပေါင်း |
|---|---|---|---|
| သုတ္တန် | ၁၁၄၈ | ၅၉ | ၁၂၀၇ |
| ဝိနည်း | ၂၂၅ | ၁၇၀ | ၃၉၅ |
| အဘိဓမ္မာ | ၁၃၆ | ၃၄ | ၁၇၀ |
| ပိဋကတ်များ | ၁၅၀၉ | ၂၆၃ | ၁၇၇၂ |
| သမိုင်းစာ | | | ၂ |
| စုစုပေါင်း (ဥဒေတယ်) ကျောက်ချပ်အမှန် | | | ၁၇၇၄ |

## ကျိုးပျက်နေသော ကျောက်စာချပ်များအစား ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်အသစ်စိုက်ထူထားသော ကျောက်စာချပ်များ

(ကျောက်စာချပ် ၂၇ ချပ် အားလုံးကို ၁၉၉၉ ခု စက်တင်ဘာ ၁၇ ရက်နေ့တွင် အစားထိုး ပြန်လည်စိုက်ထူခဲ့ပြီး ဖြစ်ပါသည်။)


| အကွက် နံပါတ် | စဉ် | စေတီ နံပါတ် | ကျမ်းအမည် | ကျောက်စာ နံပါတ် |
|---|---|---|---|---|
| ၁က | ၁ | ၁၃၁ | နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ | ၆ |
| ၂ခ | ၁ | ၇၀ | ဝိမာနဝတ္ထု အဋ္ဌကထာ | ၁၃ |
| | ၂ | ၇၀ | ဝိမာနဝတ္ထု အဋ္ဌကထာ | ၁၄ |
| | ၃ | ၉၀ | ထေရာအဋ္ဌကထာ | ၄၀ |
| | ၄ | ၁၂၉ | တိကနိပါတ်ဇာတ် အဋ္ဌကထာ | ၅ |
| | ၅ | ၁၄၀ | နဝကနိပါတ်ဇာတ် | ၁ |
| | ၆ | ၁၄၁ | နဝကနိပါတ်ဇာတ် | ၃ |
| | ၇ | ၁၄၂ | ဒသကနိပါတ်ဇာတ် | ၃ |
| | ၈ | ၁၄၃ | ဒသကနိပါတ်ဇာတ် | ၆ |
| | ၉ | ၁၅၁ | ဝီသတိနိပါတ်ဇာတ် | ၃ |
| | ၁၀ | ၁၅၁ | ဝီသတိနိပါတ်ဇာတ် | ၄ |
| | ၁၁ | ၁၅၂ | ဝီသတိနိပါတ်ဇာတ် | ၇ |
| | ၁၂ | ၁၅၃ | ဝီသတိနိပါတ်ဇာတ် | ၅ |
| | ၁၃ | ၁၅၈ | စတ္တာလီသဇာတ်နိပါတ်အဋ္ဌကထာ | ၆ |
| | ၁၄ | ၁၆၉ | မဟောသဓဇာတ်နိပါတ် | ၄ |
| | ၁၅ | ၁၈၁ | မဟာနိဒ္ဒေသအဋ္ဌကထာ | ၃ |

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

| အတွက် နံပါတ် | စဉ် | စောင် နံပါတ် | ကျမ်းအမည် | ကျောက် စာ နံပါတ် |
|---|---|---|---|---|
| ၃ဂ | ၁ | ၆၇ | အပဒါန်အဋ္ဌကထာ | ၂၂ |
| | ၂ | ၆၇ | အပဒါန်အဋ္ဌကထာ | ၂၃ |
| | ၃ | ၇၈ | ဗုဒ္ဓဝံသ | ၄ |
| | ၄ | ၇၉ | ဗုဒ္ဓဝံသ | ၇ |
| | ၅ | ၈၀ | ဗုဒ္ဓဝံသ | ၈ |
| | ၆ | ၈၈ | စရိယာ ပိဋကတ်အဋ္ဌကထာ | ၂ |
| | ၇ | ၈၈ | စရိယာ ပိဋကတ်အဋ္ဌကထာ | ၃ |
| | ၈ | ၁၇၅ | သီလာဝဟ အဋ္ဌကထာ | ၇ |
| | ၉ | ၁၇၅ | သီလာဝဟ အဋ္ဌကထာ | ၈ |
| | ၁၀ | ၁၇၆ | သီလာဝဟ အဋ္ဌကထာ | ၁၂ |
| ၄ယ | ၁ | ၁၂၃ | ဝိမတိဝိနောဒနိဋီကာပါဠိ | ၉ |

BURMESE CLASSIC .com



စန္ဒာမုနိဘုရားနှင့် မေဓာဝီ ကျောက်စာတိုက် ပန္နက်ပုံ

www.burmeseclassic.com

www.burmeseclassic.com

နန်းမြေဘုံသာ စံနန်းတော်ရာ

# စန္ဒာမုနိဘုရား


နှင့်

# ပိဋကတ်သုံးပုံအဋ္ဌကထာဋီကာ

# ဓမ္မစေတီကျောက်စာများ၏

# သမိုင်း

ဦးအောင်သူ (သံမဏိမောင်မောင်) ရေးသားပြုစုသည်



ဒီဇိုင်း-မောင်အေးချို
ပုံနှိပ်- ကြီးပွားရေးအော့ဖ်ဆက်၊
၈၄လမ်း၊(ဗိုလ်ချုပ်အောင်ဆန်းလမ်း)နှင့်၃၃လမ်းထောင့်၊
မန္တလေး။
ဖုန်း-၃၉၇၁၇၊၆၀၁၃၆

www.burmeseclassic.com